မြစ်ကြီးနားမြို့တွင်
**သင်္ကြန်မဏ္ဍပ်**
တစ်ခုတည်းသာ ထားရှိမည်
စာ .. ၆ သို့ »

**၂၀၀၈**
ဖွဲ့စည်းပုံအခြေခံဥပဒေ
ပြင်ဆင်ရေး ထောက်ခံပွဲ
ပထမဦးဆုံးအကြိမ် ကချင်ပြည်နယ်တွင် ပြုလုပ်
စာ .. ၃ သို့ »

မြေမြှုပ်မိုင်း အန္တရာယ်ကြောင့်
နေရပ်ပြန်စစ်ဘေးရှောင်များ လုပ်ကိုင်စားသောက်ရန်
အခက်အခဲဖြစ်နေ
စာ .. ၁၈ သို့ »

**မြစ်ကြီးနားသတင်း ဂျာနယ်** ®
၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်
အတွဲ (၆)၊ အမှတ် (၁၂) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" ( ဧပြီ ၈ ၊ ၂၀၁၉ )
EVERY MONDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal

# ၈ သိန်း ကျော် တန် မေးခွန်းများ

"ကချင်ပြည်နယ်လွှတ်တော် သက်တမ်းသုံးနှစ်အတွင်း လွှတ်တော်ကိုယ်စားလှယ်တွေ မေးမြန်းတဲ့ **မေးခွန်း** တစ်ခုစီရဲ့ တန်ဖိုးဟာ ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာ သင်သိပါသလား"



ကချင်ပြည်နယ်ရဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်နေတဲ့ လွှတ်တော် သက်တမ်းက ၃ နှစ်တာ ကာလအတွင်း ၁၄ ကြိမ်မြောက်အထိ ပုံမှန်အစည်း အဝေးကျင်းပနိုင်ခဲ့ပြီး အထူး အစည်းအဝေး ၁ ကြိမ်နဲ့ အရေးပေါ် အစည်းအဝေး ၃ ကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။

ကချင်ပြည်နယ်မှာ မြို့နယ် ၁၈ မြို့နယ် ရှိပြီးတော့ ပြည်နယ် လွှတ်တော်မှာ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၃၆ ဦး၊ တိုင်းရင်းရေးရာ လွှတ်တော်ကိုယ်စားလှယ် ၄ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး စုစုပေါင်း ပြည်နယ်လွှတ်တော်ကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ် ၅၃ ဦးနဲ့ ဖွဲ့စည်းထားတာပါ။

ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးထွန်းတင်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ရဲ့ မြစ်ကြီးနားခရီးစဉ်မှာ တင်ပြချက်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေက သုံးနှစ်တာ ကာလအတွင်းမှာ အဆို ၈၉ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၉၆၁ ခုနဲ့ ကြယ်ပွင့်မပြမေးခွန်း ၈၉ ခုကို မေးမြန်းနိုင်ခဲ့ပါတယ်လို့ သိရပါတယ်။

အဆိုတွေ မေးခွန်းတွေ ပေါင်းလိုက်ရင် စုစုပေါင်း ၁၁၃၉ ခုရှိပါတယ်။ ကျန်တဲ့ သက်တမ်းမှာလည်း ပြည်သူ လိုအပ်ချက်အတွက် ထပ်မံမေးကြ၊မြန်းကြရဦးမှာပါ။

စာ .. ၂ သို့ »




# အမှားပြင်ဆင်ချက်

မြစ်ကြီးနားသတင်းဂျာနယ် အတွဲ (၆)၊ အမှတ် (၁၁) ၊ စာမျက်နှာ ၂၂ တွင်ဖော်ပြခဲ့သော လွှတ်တော်ကိုယ်စားလှယ် (တစ်ဦးချင်းစီ) တင်သွင်းမေးမြန်းခဲ့သော အဆို/မေးခွန်းပေါင်း ချုပ်ဇယားတွင် **ဦးဇော်ဝင်း** အဆိုတင် -၂၊ ကြယ်ပွင့်ပြ -၀၊ ကြယ်ပွင့်မပြ-၀ နှင့်ဓာတ်ပုံ ကိုမှားယွင်းစွာ ဖော်ပြခဲ့မှုကြောင့် မြစ်ကြီးနားဂျာနယ်မှ တောင်းပန်အပ်ပါသည်။ လက်ရှိအစိုးရသက်တမ်း ၃ နှစ်အတွင်း ကချင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်း၏ အဆို၊ကြယ်ပွင့်ပြ၊ မပြကိန်းဂဏာန်း အမှန်မှာ အောက်ဖော်ပြအတိုင်းဖြစ်ပါသည်။



**ဦးဇော်ဝင်း**
တနိုင်းမြို့နယ်၊ မဲဆန္ဒအမှတ် (၂)
အဆိုတင် – ၂၊ ကြယ်ပွင့်ပြ – ၂၉၊ ကြယ်ပွင့်မပြ – ၂၁

ရှေ့စာမျက်နှာ မှ»

# ၈ သိန်းကျော်တန် မေးခွန်းများ



မြန်မာနိုင်ငံမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေကတော့ လစာတစ်လ ၅ သိန်းကျပ် ရရှိပါတယ်။ ဒါကြောင့် သက်တမ်းသုံးနှစ်အတွင်း လပေါင်း ၃၆ လအတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေကို ပေးရတဲ့လစာငွေက ကျပ်သိန်းပေါင်း ၉၅၀၀ ကျော်အထိ ရှိခဲ့ပါပြီ။

ဒီကျပ်သိန်းပေါင်း ကိုးထောင်ကျော်ကို မေးခဲ့တဲ့ မေးခွန်းတွေ အဆိုတွေနဲ့ စုစုပေါင်းနဲ့ ကိုယ်စားလှယ်တစ်ဦး ရတဲ့လစာနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါမှာ မေးခွန်းတစ်ခု အဆိုတစ်ခုကို ၈ သိန်း ၃ သောင်းကျော် တန်ဖိုးခန့် ရှိနေပါတယ်။ ဒါကတော့ ကချင်ပြည်နယ် လွှတ်တော်မှာ မေးတဲ့ မေးခွန်းတစ်ခွန်း အဆိုတစ်ခုရဲ့ တန်ဖိုးပဲဖြစ်ပါတယ်။

ဒီတွက်ချက်မှုဟာ လစာငွေတစ်ခုတည်းကိုသာ အခြေခံတွက်ချက်ထားတာဖြစ်ပြီးတော့ တခြားလွှတ်တော် အသုံးစရိတ်တွေ ပါဝင်ခြင်းမရှိပါဘူး။ ကုန်ကျစရိတ်ကို အတိအကျ တွက်ချက်ရင် မေးခွန်းတစ်ခွန်း အဆိုတစ်ခုရဲ့တန်ဖိုးဟာ ပိုပြီးမြင့်တက်လာမှာပါ။

လွှတ်တော်ကာလ တစ်လျှောက်မှာ လေ့လာခဲ့တဲ့သူ

စာ .. ၃ သို့ »

# ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ထောက်ခံပွဲ

## ပထမဦးဆုံးအကြိမ် ကချင်ပြည်နယ်တွင် ပြုလုပ်



ဧပြီ ၄

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လူထုထောက်ခံပွဲကို ပထမဦးဆုံးအကြိမ်အဖြစ် ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဧပြီလ ၃ ရက်နေ့က လူဦးရေသုံးထောင်ခန့်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

၂၁ ရာစုပင်လုံညီလာခံကြီး အောင်မြင်နိုင်ရေးအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မဖြစ်မနေ ပြင်ဆင်ရမည့် ဥပဒေဖြစ်ခြင်းကြောင့် လူထုထောက်ခံပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌကိုသိန်းတန်မှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီဥပဒေကြီး ရေးဆွဲလာတာကိုက ၁၅ နှစ်လောက် ရှိတယ်။ တစ်ကြောင်းကို ဆယ်ရက်နှုန်းနဲ့ ရေးဆွဲခဲ့တာ။ ပြည်သူ ကောင်းစားပြီလား ဆိုတော့ အခုရော ပြည်သူက ကောင်းစားနေပြီလား။ လူတစ်စုအတွက် ရေးဆွဲထားတယ်ထင်လို့ပါ။ မကောင်းဘူးဆို ဆက်ပြင်မယ်။ ကောင်းရင် ထိန်းသိမ်းမယ်"ဟု ကိုသိန်းတန်မှ ဆက်လက်ပြောပြသည်။

အထက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည် လက်ရှိအစိုးရ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အဓိကရည်ရွယ်ချက်ဖြစ်ပြီး အမြဲတစေပြင်ဆင်ရန်အတွက်လည်း များစွာ လုပ်ဆောင်ခဲ့ကြောင်း ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးက ပြောသည်။

"ကျွန်တော်တို့က ယုံကြည်မှုရှိရှိနဲ့ လုပ်နေတာပါ။ ယုံကြည်မှုမရှိဘဲ လုပ်ရင် အောင်မြင်မှာ မဟုတ်ပါဘူး။ လူတစ်စုတစ်ဖွဲ့ရဲ့ အကျိုးစီးပွားအတွက် အကာအကွယ်ပေး ရေးသားထားတာပါ။ ကျွန်တော်တို့ သွားချင်တဲ့ ဖက်ဒရယ် ဒီမိုကရေစီစနစ်မှာ ဒီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အဟန့်အတားဖြစ်နေတယ်"ဟု ဦးတင့်စိုးက ဆက်လက်ပြောကြားသည်။

ယင်းအပြင် တက်ရောက်ဟောပြောပေးသည့် စာရေးဆရာညီမင်းညိုက ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြင်ဆင်မရအောင် ရေးဆွဲရသည့် ဥပဒေဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပြင်ဆင်ရန် ထောက်ခံရခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး စာရေးဆရာထင်လင်းဦးက အခြေခံဥပဒေသည် ပြည်သူလူထုအတွက် ရေးဆွဲထားခြင်း မဟုတ်ကြောင်း၊ တပ်မတော်၏ လုပ်ပိုင်ခွင့် အခန်းကဏ္ဍများအတွက်သာ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ဥပဒေပုဒ်မများဖြင့် ထောက်ပြဆွေးနွေးခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၉၀ ရွေးကောက်ပွဲအပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဏာသိမ်းယူပြီး နောက်ပိုင်းတွင် ၁၅ နှစ်အကြာ ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ယခုအစိုးရသစ် လက်ထက်တွင် ခြေ/ဥပြင်ဆင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် ၄၉ ဦးပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ကြောင်းလည်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)

စာ .. ၂မှ »

တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပြောကြားချက်အရ မေးခွန်းတွေက ယေဘုယျဆန်သလို ကျောင်းရရှိရေး၊ ရေရရှိရေး၊ ကျောင်းအဆင့်တိုးမြှင့်ရေး၊ မြေသားလမ်းဖောက်လုပ်ရေး စတဲ့ မေးခွန်းတွေသာ အများဆုံး မေးမြန်းခဲ့တယ်လို့ သိရပါတယ်။ ဒါကလည်း တချို့မေးခွန်းတွေဟာ ၈ သိန်းကျော်နဲ့ တန်ရဲ့လားဆိုတာလည်း မေးခွန်းထုတ် စရာပါပဲ။

ဒါ့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနတွေကပြန်လည်ဖြေဆိုပေးတဲ့အခါမှာလည်း ဒီမေးခွန်းတွေ အပေါ်မှာတောင် ယေဘုယျဆန်တယ်လို့ ကချင်ပြည်နယ် လွှတ်တော်လေ့လာသုံးသပ်သူ ကိုကျော်ကျော်ဦးက ပြောဆိုပါတယ်။

နိုင်ငံတော် သမ္မတကြီး ဦးဝင်းမြင့်ရဲ့ မြစ်ကြီးနားခရီးစဉ်မှာ ပြောကြားသွားတာထဲက တစ်ခုကို ကောက်နှုတ်တင်ပြရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေက ကိုယ့်ရဲ့ အခန်းကဏ္ဍကို သိရမယ်လို့ ဆိုပါတယ်။

"ကိုယ့်ပြည်နယ် အစိုးရဆီကို ကိုယ့်ပြည်နယ်လွှတ်တော်က တင်မယ့်အဆိုတစ်ခု၊ မေးမယ့်မေးခွန်းတစ်ခု ဆိုကြပါစို့။ ကိုယ့်ဟာကိုယ် ကိုယ့်ပြည်နယ်မှာ လုပ်ရမယ့်ဟာ ကိုယ့်ပြည်နယ်ကို မမေးဘူး။ အဲဒီ ပြည်နယ်က တစ်ဆင့် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း ဆိုတော့ အဲဒါဘာဖြစ်မှာလဲ။ ကိုယ်လုပ်ရမယ့် အလုပ်က ကိုယ့်လုပ်ပိုင်ခွင့်နဲ့ကိုယ် ပေးထားတယ်"လို့ သမ္မတကြီးက ပြောပြခဲ့တာပါ"လို့ သမ္မတက ပထမဆုံး မြစ်ကြီးနားခရီးစဉ်မှာ ပြောပြခဲ့တာပါ။

ဒါ့ကြောင့် နောက်လာမယ့် လွှတ်တော်အစည်းအဝေးမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေက ၈ သိန်းကျော်တန်တဲ့ မေးခွန်းတွေကို ဘယ်လိုစိတ်ဝင်စားဖွယ် မေးမြန်းကြမလဲ၊ ပြည်သူလူထုအတွက် ဘယ်လို အရေးကြီးအဆိုတွေ တင်သွင်းကြဦးမလဲဆိုတာစောင့်ကြည့်ရဦးမှာပါ။ ■

စည်သူ(မြစ်ကြီးနား)





မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊
အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေ

**Website Design**
La Tawng,

**Graphic Design, သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING


**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဗုံတောင်၊
တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm


ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။



# ဒေါ်နန်ပူ လွတ်မြောက်လာပြီ

ဧပြီ ၅

**ဗိတ်** မိစစ်ရှောင်ပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြဦးဆောင်ခဲ့မှုကြောင့် ထောင်ဒဏ် ၆ လ ချမှတ်ခံခဲ့ရသည့် ဦးဇော်ဂျတ်၊ဦးလွမ်းဇောင်း၊ဒေါ်နန်ပူတို့ ၃ ဦးအနက် ဒေါ်နန်ပူသည် ဧပြီလ ၅ ရက်နေ့ နံနက်ပိုင်းက ပြန်လည်လွတ်မြောက်လာပြီး ဖြစ်သည်။

ဒေါ်နန်ပူသည် ထောင်ဒဏ် ၆ လအနက် ၄ လ ကျခံခဲ့ရပြီးနောက် လွတ်မြောက်လာခြင်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်ခြင်း မရှိသည့်အတွက် လျှော့ရက်ဖြင့် ပြန်လည် လွတ်မြောက်လာခြင်းဖြစ်သည်ဟုလည်း ဒေါ်နန်ပူ၏ ရှေ့နေဒေါ်ဒွဲဘူက ပြောသည်။

"ဒေါ်နန်ပူက လျှော့ပေးတဲ့အတွက် လွတ်လာတာ၊ ပြစ်ဒဏ်က စင်းလုံးချော လွတ်တာ မဟုတ်ဘူး။ သူက အမျိုးသမီးဖြစ်တယ်။ ကျန်းမာရေးမကောင်းဘူး ဆိုတာကို တင်ပြလိုက်တဲ့အခါ သူတို့က အမျိုးသမီးအခွင့်အရေးအရ လျှော့ပေးတာ" ဟု တရားလွှတ်တော် ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

၆ လ အမိန့်ကျရာ ၄ လဖြင့် ပြန်လည်လွတ်မြောက်လာသည့်အတွက် ဝမ်းသာသော်လည်း လုပ်ဖော်ကိုင်ဖက် ကိုဇော်ဂျတ်နဲ့ ကိုလွမ်းဇောင်း ကျန်ရှိနေသေးသည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်းလည်း ဒေါ်နန်ပူက ပြောသည်။

"ကျွန်မနဲ့အတူ ထောင်ကျခဲ့တဲ့ ကိုဇော်ဂျတ်နဲ့ ကိုလွမ်းဇောင်း ကျန်နေတဲ့အခါ အမြန်ဆုံး ပြန်လွတ်မြောက်လာဖို့လည်း မျှော်လင့်ပါတယ်။ သူတို့ နှစ်ယောက်ရဲ့ ရှေ့နေနဲ့ ကျွန်မရဲ့ရှေ့နေ မတူတဲ့အခါမှာ ကျွန်မရှေ့နေရဲ့ ကြိုးစားအားထုတ်မှုလမ်းကြောင်းရှာမှု အပေါ်မှာ ဒီလိုလွတ်လာရတာဖြစ်တယ်။ သူတို့လည်း မကြာခင် ထွက်လာလိမ့်မယ်လို့ မျှော်လင့်တယ်" ဟု ဒေါ်နန်ပူက ပြောသည်။

ဦးဇော်ဂျတ်နှင့် ကိုလွမ်းဇောင်းတို့ အမြန်ဆုံးပြန်လည် လွတ်မြောက်လာရေးအတွက် ပြည်ထောင်စုအဆင့်ထိ အယူခံဝင်သွားမည်ဖြစ်ကြောင်းလည်း ဦးဇော်ဂျတ်၊ဦးလွမ်းဇောင်း၊ဒေါ်နန်ပူတို့ကို ကူညီပံ့ပိုးပေးသည့် ကော်မတီမှ ခေါင်းဆောင်ကိုပေါလုက ပြောသည်။

"ပြည်နယ်မှာ တင်တဲ့အခါ ကျွန်တော်တို့ လိုချင်တဲ့ ဆုံးဖြတ်ချက်၊ စီရင်ချက် မဖြစ်တဲ့အတွက် ပြည်ထောင်စုအထိသွားဖို့ အကုန်လုံး ပြင်ဆင်ထားပြီးပါပြီ"ဟု ကိုပေါလုက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မိမိတို့ ၃ ဦးကို ကွင်းလုံးကျွတ် အပြစ်မရှိကြောင်း ဆုံးဖြတ်ချက်မျိုး ချမှတ်လာနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဟုလည်း ဒေါ်နန်ပူက ပြောသည်။

"မြို့နယ်မှာ အမိန့်ချတယ်၊ ခရိုင်မှာ ပလပ်တယ်။ ပြည်နယ်မှာလည်း ပလပ်တယ်ဆိုတဲ့ အခြေအနေဖြစ်နေတယ်ဆိုတော့ ကျွန်မတို့ လိုချင်တာက အပြစ်မရှိဘူးဆိုပြီးတော့ လုံးဝ ကွင်းလုံးကျွတ် လွတ်လိုက်ဖို့ပဲ ဖြစ်တယ်။ ဒါပေမဲ့ အခုချိန်ထိ ကျွန်မတို့ အပြစ်ရှိနေတယ်ဆိုတာကို ဆုံးဖြတ်ချက်ချနေတယ်ဆိုတာကိုတော့ ဝမ်းနည်းစရာဖြစ်တယ် စိတ်မကောင်းဘူး။ အမှန်တရားတစ်ခုပေါ်လာအောင် ကျွန်မတို့ အပြစ်မရှိဘူးဆိုတာကို ဆုံးဖြတ်ချက်ချအောင် အယူခံဆက်တင်ဖို့အတွက် ရှိပါတယ်"ဟု ၎င်းက ထပ်မံဖြည့်စွက်ပြောဆိုသည်။

ဆန္ဒပြဦးဆောင်ခဲ့သူ ကိုဇော်ဂျတ်၊ကိုလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့ကို တပ်မတော်ကို အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် ဒီဇင်ဘာလ ၇ ရက်နေ့က မြစ်ကြီးနားမြို့နယ်တရားရုံးက အလုပ်မဲ့ထောင်ဒဏ်၆လနှင့် ငွေဒဏ်၅သိန်း ပြစ်ဒဏ်ကျခံရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ■

Salai

# လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအတွက် ရံပုံငွေ လျှောက်ထားနိုင်သည်

ဧပြီ ၄

**မြန်** မာနိုင်ငံရှိ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအတွက် ရံပုံငွေ လျှောက်ထားနိုင်ကြောင်း Equality Myanmar (ညီမျှခြင်း-မြန်မာ)မှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး ဒေါ်ကွန်ထန်ထွယ်ဆိုင်းမိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ ရံပုံငွေသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများက အန္တရာယ်နှင့်ရင်ဆိုင်နေရခြင်း၊ ခြိမ်းခြောက် တိုက်ခိုက်ခံရခြင်း၊ ထောင်သွင်း အကျဉ်းချခံရခြင်း စသည့် ကိစ္စရပ်များအပြင် ချက်ချင်းအကူအညီလိုအပ်နေသည့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကို ရေတိုအကူအညီပေးခြင်း ဖြစ်သည်။

၎င်းရံပုံငွေသည် တစ်ခါလျှောက်လျှင် ၃ သိန်းမှ ၅ သိန်းအထိ လျှောက်ထားနိုင်ကြောင်း ဒေါ်ကွန်ထန်ထွယ်ဆိုင်းမိုင်က ပြောသည်။

"ဒီရံပုံငွေက ထပ်ခါထပ်ခါလျှောက်လို့ ရပါတယ်။ ကျွန်မတို့ရဲ့ Fund Management Comitee ကနေပြီးတော့ ဒါ ပေးသင့်တယ်လို့ ဆုံးဖြတ်လို့ရှိရင် ဘယ်နှကြိမ်ဖြစ်ဖြစ် လျှောက်လို့ရတယ်။ ဒါပေမဲ့ လျှောက်တိုင်းလည်း ရမယ်လို့တော့ အာမမခံဘူး"ဟု ၎င်းက ပြောသည်။

ယင်းရံပုံငွေပေးရခြင်း၏ ရည်ရွယ်ချက်မှာ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများသည် လူတစ်ဦးချင်း သို့မဟုတ် အခြားသူများနှင့် လူ့အခွင့်အရေးများ ကာကွယ်မှု၊ မြှင့်တင်မှု လုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်လုပ်ဆောင်နေသော သူများ အသုံးပြုရန် ရည်ရွယ်ကြောင်းနှင့် လျှောက်လိုပါက အမှတ်-၄၃၂၊ မြို့သစ်ကြီးရပ်ကွက်၊ (၁)လမ်း၊ မြစ်ကြီးနားမြို့သို့ လာရောက်လျှောက်ထားနိုင်ပြီး အီးမေးလ်မှတစ်ဆင့် လျှောက်ထားလိုပါက veve.eqmm@gmail.com နှင့် mai.eqmm@gmail.com သို့ တိုက်ရိုက် လျှောက်ထားစုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ရရှိလာသည့် ရံပုံငွေကို ဥပဒေရေးရာ အကူအညီ၊ ထောင်ဝင်စာတွေ့ခြင်း၊ တရားခွင်စောင့်ကြည့်ခြင်း၊ ဥပဒေရေးရာ ကိစ္စရပ်များကို လွှဲပြောင်းပေးခြင်း၊ ဆေးဝါးကုသစရိတ်၊ မှီခိုသူအတွက် စရိတ်များတွင်အသုံးပြုနိုင်ကြောင်း၊ ကချင်ပြည်နယ်၌ ၂၀၁၈ ခုနှစ်တွင် လျှောက်လွှာ ၁၁ ခု ရရှိသည့်အထဲမှ ၈ ခုကို ရံပုံငွေပေးအပ်ခဲ့ကြောင်းလည်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

# စစ်မှန်သော ဖယ်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရန် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သယံဇာတနှင့် ပတ်သက်သောဥပဒေများ ပြင်ဆင်သင့်

ဧပြီ ၄

**တိုင်း**ရင်းသား ပြည်သူလူထုများ တောင်းဆိုနေသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန် အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သယံဇာတနှင့် ပတ်သက်သော ဥပဒေ ပြင်ဆင်နိုင်ရန် အရေးကြီးကြောင်း ဧပြီလ ၄ရက်နေ့က ကျင်းပသော ငြိမ်းချမ်းရေးကို အထောက်အကူပြုစေမည့် ဖက်ဒရယ်ဆိုင်ရာ သဘာဝအရင်းအမြစ် ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးနေသော အသွင်ကူးပြောင်းရေးကာလကို ရောက်ရှိနေသည်ဟု ဆိုသော်လည်း သဘာဝ သယံဇာတနှင့် ပတ်သက်၍ ချမှတ်ထားသော ဥပဒေများသည် လွဲမှားနေပြီး အရင်းရှင်စနစ်ကိုသာ ဦးတည်နေကြောင်း၊ သယံဇာတထုတ်ယူသုံးစွဲမှု၏ အကျိုးအမြတ်နှင့် အာဏာကို ဗဟိုက ချုပ်ကိုင်ထားပြီး နောက်ဆက်တွဲ ဆိုးကျိုးများကိုမူ ဒေသခံများသာ ခံနေရကြောင်း အဆိုပါဆွေးနွေးပွဲတွင် BEWG (Burma Environmaentral Working Group) Coordinator ဦးခွန်ဦးက ဆွေးနွေးတင်ပြသွားခဲ့သည်။

"မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေက အသွင်ကူးပြောင်းကာလလို့ ပြောနေပေမယ့် သယံဇာတရှုထောင့်ကနေကြည့်မယ်ဆိုရင်စိုးရိမ်စရာ ပိုကောင်းတဲ့စနစ်ထဲကို ရောက်နေပြီ။ ဖက်ဒရယ်စနစ်ကို သွားဖို့ဆိုတဲ့အခါမှာ လက်ရှိ ဖြစ်ပေါ်နေတဲ့ ပကတိ အခြေအနေတွေကို သဘာဝပတ်ဝန်းကျင် ရှုထောင့်တွေကို အရင်သုံးသပ်ပြီးတော့မှပဲ ရှေ့ဆက်သွားကြဖို့ လိုတယ်။ မဟုတ်ရင် ပြဿနာက ပိုတက်လာဖို့ပဲ ရှိတယ်။ လက်ရှိအခြေအနေက ကျွန်တော်တို့ တကယ် သယံဇာတကို ဖြုန်းတီးတဲ့အခြေအနေမှာ ဖြစ်နေပြီလား။ အဲ့လိုဖြစ်နေပြီဆိုရင် ဒါတွေကို ပြုပြင်ပြောင်းလဲဖို့ လိုတယ်"ဟု ဦးခွန်ဦးက ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တိုင်းရင်းသားများ တောင်းဆိုနေသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဆန့်ကျင်နေကြောင်း၊ အဓိကအားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁)အပိုဒ် ၃၇ (က) (ခ)ပါ နိုင်ငံတော်သည် နိုင်ငံအတွင်းရှိ သဘာဝ သယံဇာတ၏ ပင်ရင်းပိုင်ရှင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကသာ နိုင်ငံပိုင် သယံဇာတပစ္စည်းများကို စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်သော ဥပဒေပြဋ္ဌာန်းရမည် ဆိုသည့်အကြောင်းအရာကို ပြည်နယ်တွင်း သယံဇာတများကို ဒေသခံများမှ ပိုင်ဆိုင်ကြောင်းနှင့် ပြည်နယ်အစိုးရမှ တိုက်ရိုက်တရားစီရင်ပိုင်ခွင့်ရရှိရေးအတွက် ဥပဒေ ပြင်ဆင်ရန်လိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

"၃၇ (က)(ခ)ကို ပြောင်းပြန်လှန်ဖို့လိုပါတယ်။ ဒီတိုင်းရင်းသားပြည်နယ်မှာရှိတဲ့ သယံဇာတသည် ပြည်နယ်က ပြည်သူလူထုနဲ့ သက်ဆိုင်တယ်။ ပြည်သူလူထုက ပိုင်တယ်ဆိုတဲ့ နေရာအထားအသိုလေး ပြောင်းဖို့ လိုတာပါ။ မဟုတ်ဘူးဆိုရင် စီမံခန့်ခွဲမှုတော်တော်ခက်လိမ့်မယ်။ ဖွဲ့စည်းပုံဟာ အခု တိုင်းရင်းသားတွေ တောင်းဆိုနေတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ဆန့်ကျင်နေတဲ့ ဖွဲ့စည်းပုံ ဖြစ်နေတယ်။ အဲ့နေရာမှာရှိတဲ့ သယံဇာတကို အဲ့က ပြည်သူလူထုတွေက မပိုင်ဘူးဆိုရင် သေချာတယ် ပဋိပက္ခတွေ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးဆိုတာလည်း အောင်မြင်လာမှာ မဟုတ်ဘူး"ဟု ဦးခွန်ဦးက ပြောသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတနှင့် ပတ်သက်ပြီး သစ်တော၊ မြေယာ၊ ရေ၊ ကျောက်မီးသွေး၊ ကျောက်စိမ်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ဟူသည့် အကြောင်းအရာ (၆) ခုပေါ် မူတည်၍ သုတေသနပြုလုပ်ကာ ရေးသားထားသော သဘာဝသယံဇာတနှင့် ပတ်သက်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချသော သဘာဝအရင်းအမြစ် အမွေအနှစ်ခွဲဝေစီမံအုပ်ချုပ်မှု လမ်းပြမြေပုံကိုလည်း ဆွေးနွေးသွားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို Kachin Development Networking Group (KDNG)မှ ကြီးမှူးကျင်းပခဲ့ပြီး ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက အဖွင့်အမှာစကား ပြောကြားပေးကာ သက်ဆိုင်ရာမြို့နယ် အသီးသီးက ကိုယ်စားလှယ်များနှင့် NGO/CSO များလည်း တက်ရောက်ခဲ့ကြသည်။ ■

Ann

## အမှားပြင်ဆင်ချက်

မြစ်ကြီးနားသတင်းဂျာနယ် အတွဲ (၆)၊ အမှတ် (၁၁) ၊ စာမျက်နှာ ၇ တွင်ဖော်ပြခဲ့သော ပေးဆပ်သူလူမှုကူညီရေးအသင်းအား စတင်ဖွဲ့စည်းခဲ့သူမှာ သီတဂူဆရာတော်ကြီး ဦးဉာနိဿနှင့် ရပ်ရှင်သရုပ်ဆောင် ဦးကျော်သူတို့ဖြစ်သည်ဟုမှားယွင်းစွာ ဖော်ပြခဲ့မှုကြောင့် မြစ်ကြီးနားဂျာနယ်မှ တောင်းပန်အပ်ပါသည်။ ပေးဆပ်သူလူမှုကူညီရေးအသင်းအား စတင်ဖွဲ့စည်းခဲ့သူမှာ မြစ်ကြီးနားမြို့ရှိ မြို့မိ၊ မြို့ဖများဖြင့် ထိုအချိန်က အံတော်ရှင်ကျောင်းထိုင်ဆရာတော်ကြီးတို့ စတင်ဖွဲ့စည်းခဲ့သည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မဟာသင်္ကြန် မြစ်ကြီးနားသတင်းဂျာနယ် ရပ်နားမည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော မြစ်ကြီးနားသတင်းဂျာနယ် သည် မဟာသင်္ကြန်ကာလတွင် ရုံးပိတ်မည် ဖြစ်ပါသဖြင့် အတွဲ (၆) အမှတ်(၁၃) ကို ဧပြီလ(၂၉) ရက်တွင် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



## အယ်ဒီတာ့အာဘော် Editorial

### နိုင်ငံရေးရောဂါအတွက် ကုထုံးနည်းနာ

ဆရာဝန်က သင့်မှာ ရောဂါတစ်စုံတစ်ရာ ရှိနေပြီလို့ ဆိုလိုက်ရင် သင့်ရဲ့ တုံ့ပြန်မှုက ဘာဖြစ်မှာလည်း။ ဥပမာ-သွေးတိုး သို့မဟုတ် ဆီးချိုဖြစ်နေတယ်ပေါ့ ခင်ဗျာ။

လူအများရဲ့ ယေဘုယျတုံ့ပြန်မှုက သုံးမျိုးဖြစ်နိုင်ပါတယ်။ ပထမ အချက်အနေနဲ့ ငါဒီရောဂါကို ပျောက်အောင် ကုမှရတော့မယ်ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ပါ။ ဒုတိယအနေနဲ့ အစားရှောင်ပြီး ဆေးမှန်မှန်စားဖို့။ တတိယအနေနဲ့ အချိန်ယူပြီး လေ့ကျင့်ခန်းလုပ်ဖို့ပါ။

ဒါမှမဟုတ် ဆရာဝန်ပြောတာကို ငါလက်မခံနိုင်ဘူး၊ ငါ့မှာရောဂါမရှိဘူးဆိုပြီး နေချင်သလိုနေ စားချင်သလို စားနေမယ်ဆိုရင် သင်သက်ဆိုးရှည်မှာ မဟုတ်ပါဘူး။

နိုင်ငံရေးမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ မကောင်းဘူးဆိုတဲ့အနာရောဂါကို ရှာဖွေဖော်ထုတ် ပြင်ဆင်ကုသဖို့လိုအပ်ပါတယ်။ တကယ်လို့ မကောင်းတာကို အကောင်းမြင်ပြီး ထင်ရာစိုင်းနေရင် ကျွန်တော်တို့ နိုင်ငံကြီးဟာ ပြဿနာပေါင်းစုံနဲ့ ဒုက္ခပင်လယ်ထဲ နစ်သွားမှာပါ။

ဒါ့ကြောင့် ဒီနိုင်ငံရေးအနာကို ကုသဖို့အတွက် အရှေ့မှာ တင်ပြခဲ့တဲ့အတိုင်း အချက်သုံးချက်ကို အခြေခံပြီး ကုသပြင်ဆင်ဖို့ လိုပါတယ်။ ပထမဆုံးပြင်ဆင်ရမှာက ပြောင်းလဲမှုဖြစ်တော့မယ်ဆိုတဲ့ စိတ်ဓာတ်ပါ။ ဒုတိယအနေနဲ့ ပြဿနာကိုဖြေရှင်းကုသဖို့နဲ့။ တတိယကတော့ လူမမာတစ်ယောက်ကျန်းမာတောင့်တင်း ခိုင်မာလာအောင် အချိန်ပေးပြီး လေ့ကျင့်ခန်းလုပ်သလိုပဲ နိုင်ငံရေးမှာ လက်တွေ့အကောင်အထည်ဖော်လို့ အချိန်ပေးပြီး လိုက်နာကျင့်သုံးဖို့ လိုပါတယ်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြေညာစာတမ်းနဲ့အတူ အပြောင်းအလဲလုပ်မယ်ပေါ့ ဆိုတဲ့ ပထမဆုံးစိတ်ဓာတ် ပြင်ဆင်မှုနဲ့ စတင်ခဲ့တာ တွေ့ရပါတယ်။ ဒါဟာ အနာရောဂါကို ကုသလိုတဲ့ ပထမအဆင့်ဖြစ်တဲ့ စိတ်ဓာတ်ပြင်ဆင်မှုပါ။

အဲ့ဒီနောက် ကြေညာစာတမ်းပါ အချက် ၄ ချက်နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်သွားဖို့ ကြိုးစားခဲ့တာတွေ့ရပါတယ်။ ဒါဟာ နိုင်ငံရေးအနာရောဂါကို ကုသဖို့အတွက် ဒုတိယခြေလှမ်းပါ။

ကြေညာစာတမ်းပါ အချက်တွေက (၁) တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး (၂)တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာလက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေး (၃)ပြည်သူလူထုအား တရားမျှတစွာ တာဝန်ပေးပြီး အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေး (၄)လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါတယ်။

ဒါဟာ အနာကိုသိလို့ ဆေးကုဖို့ ကြိုးစားနေတဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးကြိုးပမ်းချက်တွေလို့ တွေ့ရပါတယ်။ သို့သော် ပထမအချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အားနည်းနေသေးတာ တွေ့ရပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြောင်းလဲရေးကိစ္စကို အဲန်အယ်ဒီအဖွဲ့က အစိုးရအဖြစ် တာဝန်ယူပြီး သက်တမ်း ၃ နှစ်ကြာမှသာ အကောင်အထည် ဖော်ခဲ့နိုင်တာဖြစ်တဲ့အတွက် အားရစရာ မကောင်းလှပါဘူး။

တတိယနဲ့ စတုတ္ထအချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အချိန်တွေ ထပ်ပေးရအုံးမှာပါ။ အနာကိုသိဆေးရှိဆိုတဲ့အတိုင်း ဆေးကုသလို့ ရပေမယ့် အနာရောဂါ ပျောက်ကင်းဖို့ ဆိုတာ အချိန်ပေးရမှာပါ။

စိတ်ဓာတ်ကိုပြင်၊ နည်းမှန်လမ်းမှန်ကို လိုက်၊ အချိန်ကိုယူပြီး လိုက်နာလုပ်ဆောင်နိုင်ရင် အနာရောဂါ ပျောက်ကင်းနိုင်သလို နိုင်ငံရေးမှာလည်း ထိုနည်းလည်းကောင်း အဲန်အယ်ဒီအစိုးရအနေနဲ့ ကြိုးစားကုသနိုင်စေကြောင်း မြစ်ကြီးနားသတင်းဂျာနယ်က ဆန္ဒပြု ရေးသားအပ်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
(ဧပြီ ၈ ၊ ၂၀၁၉)

# မြစ်ကြီးနားမြို့တွင် သင်္ကြန်မဏ္ဍပ် တစ်ခုတည်းသာ ထားရှိမည်



**သင်္ကြန်အကြို မြင်ကွင်း**

မြစ်ကြီးနားမြို့တွင် နှစ်စဉ် စဉ်ဆက်မပြတ် ကျင်းပလျက်ရှိသော မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်ကြီးကို ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ မြစ်ကြီးနား ဆေးရုံကြီးအနီး ဆွမ်ပရာဘွမ်လမ်းမကြီး၌ ဗဟိုမဏ္ဍပ်ကြီးတစ်ခုကို လှပခမ်းနားထည်ဝါစွာ ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က မဟိုမဏ္ဍပ်၊ တိုင်းရင်းသား ရေးရာမဏ္ဍပ်၊ ဆောက်လုပ်ရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ ရှိခဲ့သော်လည်း ယခုနှစ်တွင် ပြည်နယ်အစိုးရဘတ်ဂျက် မလောက်ငှမှုကြောင့် ဗဟိုမဏ္ဍပ် တစ်ခုတည်းကိုသာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် ဒေသလုပ်ငန်းရှင်များမှလည်း ကိုယ်ပိုင်မဏ္ဍပ်ဆောက်ခွင့်တောင်းခံကြသူများ မရှိကြောင်း သိရသည်။

ယခင်နှစ်က စတင်ပြီး စည်စည်ကားကား ကျင်းပခဲ့သော လမ်းလျှောက်သင်္ကြန်ကို ယခုနှစ် ပြည်သူ့အားကစားကွင်းတွင် ပြုလုပ်ကျင်းပရန် ပြင်ဆင်နေပြီဖြစ်သည်။

သင်္ကြန် ကျင်းပရေးနှင့် မဏ္ဍပ်များ ဆောက်လုပ်ရေးအတွက် မဟာသင်္ကြန်ဖြစ်မြောက်ရေး ကော်မတီဖွဲ့ထားပြီး မဏ္ဍပ်တည်ဆောက်ရေး၊ အခမ်းအနား ပြင်ဆင်ရေးစသည့်သက်ဆိုင်ရာတာဝန်အလိုက် ခွဲဝေလုပ်ကိုင်နေကြသည်။

ဌာနဆိုင်ရာက ဝန်ထမ်းများ၏ ယိမ်းအကအလှ ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သောကြောင့် မဟာသင်္ကြန်တွင် ကပြဖျော်ဖြေရန် ဌာနဆိုင်ရာ ဝန်ထမ်းများသည် အဖွဲ့ကိုယ်စီဖြင့် သူ့ထက်ငါ အပြိုင် အကတိုက်နေကြပြီ။ ဖျော်ဖြေရေး အစီအစဉ်အနေဖြင့် အကပြိုင်ပွဲများ၊ ဌာနဆိုင်ရာ၏ အကအလှဖျော်ဖြေမှုများ၊ နိုင်ငံကျော်တေးသံရှင်များ၊ Dj , Dancer များနှင့် ဒေသခံတေးသံရှင်များကိုလည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။

သင်္ကြန်အကြို စီမံချက်အနေဖြင့် ညနေ (၅)နာရီမှ ဆယ်နာရီအထိ မြို့မဈေး၊ ညဈေးတန်း ပတ်ဝန်းကျင်များတွင်ပိတ်ဆို့တားဆီးကာ စစ်ဆေးခြင်း၊ မူးယစ်ရမ်းကားမှုမဖြစ်စေရန် လမ်းဘေးတွင် အုပ်စုဖွဲ့သောက်စားမှုများ မရှိအောင် လှည့်ကင်းများဖြင့် ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်နေကြောင်း မြို့နယ်ရဲစခန်းမှ ရဲအုပ်မြင့်သိန်းထံမှ သိရသည်။

**သင်္ကြန်တွင်း ခရီးစဉ်**

သင်္ကြန်ကာလ အတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ယာဉ်စီးနင်းခကို သတ်မှတ်နှုန်းထားအတိုင်းသာ ရောင်းချရန်နှင့် ဈေးနှုန်း ပိုမိုကောက်ခံခြင်းမပြုရန် မြစ်ကြီးနားခရိုင် ပုဂ္ဂလိကပိုင် မော်တော်ယာဉ် လုပ်ငန်းယာဉ်များကြီးကြပ်ရေးကော်မတီက စာတစ်စောင်ထုတ်ပြန်ထားသည်။

ဟိုင်းဝေးယာဉ်များသည် သင်္ကြန်ကာလအတွင်း နေ့စဉ် ထိုင်ခုံ ၅ နေကို ချန်လှပ်ထားရှိပြီး ယာဉ်မထွက်ခွာမီ ၂ နာရီအထိ ဌာနဆိုင်ရာများမှ လက်မှတ်မှာကြားမှုမရှိမှ မိမိအစီအစဉ်ဖြင့် ခရီးသွားများထံ ရောင်းချရန် မတ်လ ၂၉ ရက်နေ့က စာထုတ်ထားကြောင်း ယင်းကော်မတီမှ သိရသည်။

ထို့အပြင် သင်္ကြန်အတွင်း ရပ်နားခြင်းမရှိသည့် ယာဉ်အသင်း/ ယာဉ်လိုင်းများသည် မူလဝယ်ယူထားသော ခုံနံပါတ်နှင့် ယာဉ်စီးနင်းရမည့် ခုံနံပတ်လွဲမှားမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ခရီးသည်များကို ခရီးဆုံးအောင် ပို့ဆောင်ပေးရန် (လမ်းခရီးတွင် ယာဉ်ရပ်နားခြင်း/ မော်တော်ယာဉ်အကြီးအသေးပြောင်းလဲခြင်းမပြုရန်)၊ သတ်မှတ်အချိန်အတိုင်းသာ ခရီးစဉ်ထွက်ခွာရန်၊ လက်မှတ်ဝယ်ယူရာတွင် သတ်မှတ်နေ့ရက်အတိုင်း လွဲမှားမှုမရှိစေရန် တို့ကို ဆောင်ရွက်ထားသည်။

စည်းကမ်းများ မလိုက်နာ ဖောက်ဖျက်ခြင်းကြောင့် ခရီးသည်မှ ကျေနပ်မှုမရှိဘဲ တိုင်ကြားလာပါက လိုအပ်သည့် အရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း မြစ်ကြီးနားခရိုင် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်းယာဉ်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌက စာထုတ်ပြန်ထားသည်။

**သင်္ကြန်အတွင်း တားမြစ်ချက်များ**

သင်္ကြန်ရက်များတွင် ဆိုင်ကယ် အိတ်ဇောဖွင့်မောင်းခြင်း၊ မူးယစ်သောက်စားပြီး ရမ်းကားခြင်းများ၊ ဆိုင်ကယ်ပေါ်တွင် သတ်မှတ်ထားသည့် လူဦးရေထက်ပိုကာ စီးနင်းခြင်း မပြုရန်၊ တုတ်ချွန်၊ ဓားချွန်များကိုင်ဆောင်ခွင့် မပြုကြောင်းနှင့် ယာဉ်ထိန်းရေးတပ်ဖွဲ့တို့ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ ရုံးဦးစီးရဲအုပ်မြင့်သိန်းက ပြောသည်။

"သင်္ကြန်ကာလမှာ ပိတ်ဆို့ရှာဖွေရေးတွေ လုပ်မယ်။ လမ်းဆုံလမ်းခွနဲ့ လူစည်ကားတဲ့ နေရာတွေမှာ တားဆီးပြီးတော့ တုတ်၊ ဓားလက်နက်၊ နောက် ဘီယာတို့ အရက်တို့၊ ယာဉ်တွေကို အိတ်ဇောဖြုတ် မောင်းနှင်တာမျိုးတွေကိုတော့ တားဆီးပိတ်ဆို့မယ်။ နှစ်စဉ်ကတော့ ဒါတွေလုပ်တယ်။ ဆိုင်ကယ်ယာဉ်နဲ့ ပတ်သက်တာတော့ မော်တော်ယာဉ် ဥပဒေအရ အရေးယူသွားမယ်။ ဒါကိုလည်း သက်ဆိုင်ရာယာဉ်ထိမ်းတပ်ဖွဲ့နဲ့ နယ်မြေခံရဲတပ်ဖွဲ့တွေ ပူးပေါင်းပြီး အုပ်ချုပ်ရေးမှူးနဲ့အကူအညီတွေနဲ့ ပေါင်းစပ်ပြီးတော့ အများပြည်သူ စိတ်အနှောင့်အယှက်မဖြစ်အောင် ထိန်းသိမ်းဖို့ ဒီမှာရှိနေတဲ့ လှည့်ကင်းတာဝန်ခံတွေကလည်း ဆောင်ရွက်သွားမယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အစိုးရ ညွှန်ကြားချက်အတိုင်း တစ်နိုင်ငံလုံးစည်းကမ်းချက်နဲ့အညီ ထုတ်ပြန်ထားတဲ့အတိုင်း အရေးယူဆောင်ရွက်သွားမယ်"ဟု ၎င်းက ပြောသည်။

**သင်္ကြန်အတွင်း အသားအရေထိန်းသိမ်းနည်း**

" သင်္ကြန်ကာလမှာကတော့ နေကအရမ်းပူတော့ နေပူထဲမှာပဲ ရေတွေလောင်း၊ ရေတွေကစားတဲ့ အခါတော့ နေလောင်ဒဏ်တွေ ခံရဖို့ များတယ်။ နေလောင်ဒဏ် ဆိုတာက ခရမ်းလွန်ရောင်ခြည်ကြောင့် အသားအရေတွေ ပူစပ်ပူလောင်ဖြစ်ပြီး အသား နီမြန်းလာမယ်၊ ယားယံလာမယ်၊ အသားအရေတွေမှာ အဖုအပိန့်တွေ (မိတ်ဖု)တွေ ပေါက်တာတို့ ဖြစ်လာမယ်။ မျက်နှာမှာတော့ မဲ့ခြောက်၊ တင်းတိတ်တွေ စွဲလာမယ်။ စွဲပြီးသားသူဆိုရင် ပိုဖြစ်လာမယ်။ နေပူထဲ မဖြစ်မနေ ထွက်ရမယ်ဆိုရင်တော့ နေလောင်ဒဏ် ခရမ်းလွန်ရောင်ခြည်ဒဏ်ခံနိုင်တဲ့ ရေစိုခံတဲ့ ခရင်မ်တို့လိုမျိုးတွေကို နေပူထဲထွက်ပြီး ရေကစားမယ့်သူတွေက မိမိအသားအရေကို ကာကွယ်မယ့်နည်းလမ်းတစ်ခု ဖြစ်တယ်" ဟု ဒေါက်တာအာဇီက ပြောခဲ့ဖူးသည်။

**ဆေးရုံမှာ**

မြစ်ကြီးနား အထွေထွေရောဂါကု ဆေးရုံကြီးတွင် သင်္ကြန်အတွင်း ထိခိုက်မှုများအတွက် ယခင်နှစ်များကဲ့သို့ ဆေးရုံဝန်ထမ်းများကို ကြိုတင်နေရာချထားမှုများ၊ လိုအပ်သောပစ္စည်းကိရိယာများကို အဆင်သင့်ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ အနေနဲ့ကတော့ ခါတိုင်းနှစ်လိုပဲ လူစည်ကားတဲ့ နေရာတွေမှာ ထိခိုက် ဒဏ်ရာရတာတို့တွေ ရှိမယ်။ နဂိုကတည်းကနေပြီးတော့ ကျွန်တော်တို့က ဆရာဝန်၊ သူနာပြုတွေကို ကြိုတင် နေရာချထားတာတွေ ရှိတယ်လေ။ အဲ့ဒီမှာ ကျွန်တော်တို့ လူအင်အားဖြည့်ထားတာပေါ့။ တကယ်လို့များ ထိခိုက်ဒဏ်ရာ ရလာလို့ရှိရင်ဆိုပြီး လူအင်အားချထားတာပေါ့"ဟု ၎င်းက ဆိုသည်။

**မနှစ်က သင်္ကြန်မှာ**

"မနှစ်က လူသေဆုံးမှုတော့မရှိဘူး။ ယာဉ်တိုက်မှုမရှိ။ မူးယစ်ရမ်းကားလို့ အရေးယူတာပဲရှိတယ်။ သင်္ကြန်မှုခင်းက မနှစ်က မရှိဘူးလို့တောင် ပြောလို့ရတယ်။ သင်္ကြန်မှာ မြစ်ကြီးနားမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာကတော့ ကမ်းနားလမ်းတစ်လျှောက် အတွဲချိန်းတယ်။ လူနာတွေက ဆိတ်ကွယ်ရာမှာ သင်္ကြန်ဆိုတာက လူငယ်တိုင်း ပျော်တယ်။ ၂၀၁၇ သင်္ကြန်တုန်းက အဲ့လိုပျော်ပါးပြီး ပစ္စည်းလုခံရတာမျိုးတွေရှိတယ်။ မနှစ်ကလည်း အဲ့လိုတွေမဖြစ်အောင် ရဲက အဲ့ဒီမှာ လိုက်မောင်းထုတ်တာ ရဲတွေက သူတို့အဆဲပြန်ခံရတယ်။ ဆိုင်ကယ်လုတာတို့ ခိုးတာတို့ ရှိတယ်။ မနှစ်က အဲ့လိုဖြစ်တဲ့အမှုတွေ ပြန်လိုက်ပေးရတာမျိုးတွေရှိတယ်။ ၂၀၁၇ မှာတော့ ဓားနဲ့ ခုတ်ပြီး လုသွားတာမျိုးတွေရှိခဲ့သေးတယ်။ ဟိုဘက် ပမ္မတီးဆိပ်တွေဆိုလည်း မနှစ်က အရက်သေစာမရောင်းဖို့ ထိန်းသိမ်းတယ်။ ခက်တာက ဒီဒေသရဲ့အလေ့အထအနေနဲ့ ရိုးရာအရက်ရောင်းတာမျိုးတွေ ရှိတော့ ပြောလို့မရဘူး။ အဲ့ဒီစက်လှေဆိပ်တွေမှာလည်း အရင်နှစ်တွေက မူးပြီး ရေနစ်သေဆုံးတာတို့ ရေကစားပြီး မဖြစ်သင့်တာ မဖြစ်အောင် လိုက်ပြီးထိန်းသိမ်းရတာမျိုးတွေ ရှိတယ်။

အောင်မြင်သာ ဘက်ကလည်း ခိုက်ရန်မဖြစ်ဖို့၊ မူးယစ်ဆေးဝါးအန္တရာယ်မဖြစ်ဖို့ ရဲတွေက စောင့်ကြည့်နေတယ်။ ၂၁မိုင်ဘက်က ရေချောင်းတွေမှာလည်း ညနေချိန်တွေဆို ဒီပြဿနာတွေ မဖြစ်အောင် ရဲကားနဲ့ ကင်းလှည့်ထိန်းတာမျိုးတွေ ရှိပါတယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှ ရုံးဦးစီးရဲအုပ် ဦးမြင့်သိန်းက ဆိုသည်။ ■

Ann/Benadeth

# သင်္ကြန်ကာလအတွင်း
## ရထားခရီးစဉ်အချို့ရပ်နားမည်

ဧပြီ ၅

မြစ်ကြီးနား - မန္တလေး မီးရထား လမ်းပိုင်းအတွင်း ပြေးဆွဲနေသည့် ရထားများထဲမှ ရထားခရီးစဉ်အချို့ကို သင်္ကြန်ကာလအတွင်း ရပ်နားမည်ဖြစ်ကြောင်း မြစ်ကြီးနားဘူတာရုံပိုင်ချုပ်ထံမှ သိရသည်။

ရပ်နားထားမည့် ရထားခရီးစဉ်များမှာ အမှတ် (၃၇) အဆန်၊(၃၈)အစုန်မြစ်ဆုံမန္တလာရထား၊အမှတ်(၃၃)အဆန်၊(၃၄)အစုန် လေအိတ်ရထား၊ အမှတ်(၅၇)အဆန်၊ (၅၈) အစုန် မန္တလာရထား၊ အမှတ် မိုးညှင်း(၁)အဆန်၊ မိုးညှင်း(၂) အစုန် RBE ကားရထားများ ပြေးဆွဲမှုကို ဧပြီလ ၁၄ရက်နေ့မှ ၁၆ ရက်နေ့အထိ ၃ရက်ကြာ ရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။

အမှတ် (၅၅)အဆန်၊ (၅၆)အစုန် အထူးအမြန်ရထား၊ အမှတ် (၄၁)အဆန်၊ (၄၂) အစုန် ဒုတိယအမြန်ရထား၊ အမှတ် (၄၉)အဆန်၊ (၅၀)အစုန် ခေါက်ပြန် လော်ကယ်ရထားများ ပုံမှန်အတိုင်း ဆက်လက်ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

(၁၄. ၄. ၂၀၁၉) မှ (၁၆. ၄. ၂၀၁၉) သင်္ကြန်ပွဲတော်ကာလအတွင်း အောက်ပါ လူစီးရထားများကို ဖျက်သိမ်းပါမည်။

(၁) အမှတ် (၃၇/၃၈) မြစ်ဆုံ မန္တလာရထား
(၂) အမှတ် (၃၃/၃၄) လေအိတ်ရထား
(၃) အမှတ် (၅၇/၅၈) မန္တလာရထား
(၄) RBE (၁/၂) မိုးညှင်းရထား

လင်းသူမောင်/Dash

# ကချင်ပြည်နယ် အစိုးရ၏ လုပ်ထုံးလုပ်နည်းနှင့် မညီသော လုပ်ရပ်များကို

## အဂတိကော်မရှင်သို့ တိုင်တန်းခဲ့ရာ

## ကော်မရှင်က ငြင်းပယ်ခဲ့ဟုဆို

ဧပြီ ၄

**က**ချင်ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများသည် တင်ဒါ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီခြင်းမရှိကြောင်း အဂတိလိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့ရာတွင် ကော်မရှင်၏အကြောင်းပြန်စာသည် တည်ဆဲဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း တိုင်ကြားသူ တရားလွှတ်တော်ရှေ့နေ ဦးတင်ထွန်းသိန်းက ပြောသည်။

တရားလွှတ်တော် ရှေ့နေ ဦးတင်ထွန်းသိန်းက ၂၀၁၈အောက်တိုဘာလ ၁၆ ရက်နေ့ ရက်စွဲပါ အဂတိလိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားစာတွင် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၏ ဆောင်ရွက်ချက်အပေါ် တိုင်တန်းချက်နှစ်ခုနှင့် ၂၀၁၈-၁၉ ခုနှစ် ဆောင်ရွက်ချက်များအပေါ် တိုင်တန်းချက်နှစ်ခုကို ပူးတွဲ တိုင်ကြားခဲ့ကြောင်း သိရသည်။

အဂတိ လိုက်ဖျက်ရေးကော်မရှင်၏ ၂၀၁၉ ခုနှစ် မတ်လ ၂၂ ရက်နေ့ပြန်ကြားစာတွင် ကြိုတင်ထောက်လှမ်းစုံစမ်းချက်အရ တိုင်ကြားမှုသည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်က ကိစ္စရပ်များသာဖြစ်ပြီး အဂတိလိုက်ဖျက်ရေးဥပဒေ စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းပြင်ဆင်ခြင်း မပြုမီ ကိစ္စဖြစ်သောကြောင့် ကော်မရှင်အနေဖြင့် အရေးယူဆောင်ရွက်ပေးနိုင်ခြင်း မရှိကြောင်း ပါရှိသည်။

"အဂတိက ပြန်တာက ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်က ကိစ္စဖြစ်လို့ဆိုပြီး သူပြောတယ်ပေါ့။ ဒေါက်တာ ဒေါ်လဲ့လဲ့မော် (တနင်္သာရီတိုင်း ဝန်ကြီးချုပ်)ကျတော့ ၂၀၁၆ က ကိစ္စသုံးခု။ ကျွန်တော်ကျတော့ ၂၀၁၇-၁၈လည်းတိုင်တယ်။ ၂၀၁၈-၁၉ လည်း တိုင်တယ်။ ၂၀၁၆ ကျတော့ အရေးယူပြီးတော့ အခု ကျွန်တော်ကျတော့ စတုတ္ထအကြိမ်ပြင်ဆင်တဲ့ ဥပဒေအရဆိုတော့ ဘယ်လိုပါလဲပေါ့။ မေးခွန်းထုတ်စရာ ဖြစ်လာတယ်"ဟု ဦးတင်ထွန်းသိန်းက ပြောသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ -၃၀ (ခ)အရ စုံစမ်းချက်အရ စွပ်စွဲခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟု ယူဆပါက ဌာန၏ ဝန်ထမ်းအကြီးအကဲအပေါ် အကြောင်းကြားရမည်ဟု ပါရှိပြီး တင်ဒါလုပ်ထုံးလုပ်နည်းနှင့် မညီပါက အရေးယူဆောင်ရွက်ခြင်းပြုရမည်ဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော့်ကို ပြန်ကြားတဲ့အခါမှာ စတုတ္ထအကြိမ်ပြင်ဆင်ချက်ထဲမှာ အကျုံးမဝင်ဘူးလို့ ပြောတာ။ တင်ဒါ စည်းမျဉ်းစည်းကမ်းကို မချိုးဖောက်ပါဘူး။ အဂတိမလိုက်စားပါဘူးလို့ ပြန်ကြားတာမဟုတ်ဘူး။ ဒီအတိုင်းကြီး ပြန်ကြားတာက တော့ဖြင့် ကျွန်တော့်အနေနဲ့ တည်ဆဲဥပဒေနဲ့မညီဘူး။ မမှန်ကန်ဘူးလို့ ရိုးရိုးသားသားမြင်မိပါတယ်"ဟု ဦးတင်ထွန်းက ဆက်လက်ပြောသည်။

ယင်းအပြင် တင်ဒါလုပ်ထုံးလုပ်နည်း ၁/၂၀၁၇ သမ္မတရုံး ညွှန်ကြားချက်ကို ၂၀၁၇ ဧပြီလ ၁၀ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး မိမိတို့ တိုင်တန်းချက် ၄ ချက်သည် ၁/၂၀၁၇ သမ္မတရုံး ညွှန်ကြားချက်ကို မဖြစ်မနေ လိုက်နာရမည်ဖြစ်ကြောင်း၊ ၁/၂၀၁၇ အပိုဒ်(၄၅)ပါ တားမြစ်ချက်တွင် တင်ဒါလုပ်ငန်းနှင့်ပတ်သက်ပြီး လာဘ်ပေးလာဘ်ယူပြုခြင်း၊ အဂတိလိုက်စားခြင်းတို့ ပေါ်ပေါက်ခဲ့ပါက စာချုပ်နှင့်တင်ဒါ ပယ်ဖျက်ခြင်း၊ ဝယ်ယူမည့်ဌာန၊ အဖွဲ့စည်းမှ ဝန်ထမ်းများကိုတည်ဆဲဥပဒေနှင့် ဌာနဆိုင်ရာ အရေးယူခြင်းနှင့် အပြစ်ပေးခြင်းတို့ကို လုပ်ဆောင်ရန် ပြဋ္ဌာန်းပါရှိကြောင်း ဦးတင်ထွန်းသိန်းက ထပ်မံရှင်းပြသည်။

တိုင်ကြားစာတွင် မိုးမောက်မြို့နယ်အတွင်း ပါဝါဖိုက်စတားကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ဗန်းမော်-မြစ်ကြီးနား လမ်းပိုင်းခင်းကျင်းမှုအတွက် ဘဏ္ဍာရန်ပုံငွေ ၁၁ ဘီလီယံကို ကချင်ပြည်နယ် လွှတ်တော်၏ အတည်ပြုချက် မယူဘဲ ချထားပေးခြင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ဂေဟာဆောက်လုပ်ရန် အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ရမည့်သူကို မပေးအပ်ဘဲ အခြားသူကို ပေးအပ်ခြင်း၊ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ငွေကျပ် ၁၇၃၉ သန်း ခွင့်ပြုသည့် တည်ဆောက်ရေးလုပ်ငန်းတင်ဒါခေါ်ယူမှုနှင့် ငွေကျပ် ၁၇ ဒသမ ၉၀ သန်း တည်ဆောက်ရေးလုပ်ငန်း တင်ဒါ ခေါ်ယူမှုတွင်လည်း တင်ဒါအောင်သည့် ကုမ္ပဏီကိုမပေးဘဲ မအောင်သည့် ကုမ္ပဏီကို အဆိုပြုဈေးလျှော့ပေါ့ပြင်ဆင်ပြီး လုပ်ငန်းပေးအပ်ခဲ့ခြင်း စသည့် တင်ဒါစည်းမျဉ်းနှင့် မကိုက်ညီသည့် အချက်လေးချက်ကို တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

ဦးတင်ထွန်းသိန်း၏ တိုင်ကြားစာသည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်က ကိစ္စရပ်များဖြစ်ပြီး စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းပြင်ဆင်ခြင်းမပြုမီကိစ္စ ဖြစ်သောကြောင့် အရေးယူခြင်း မပြုရန် ပြန်ကြားခဲ့သော်လည်း တနင်္သာရီတိုင်းဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၏ ၂၀၁၆ ခုနှစ်ကပင် ပြုလုပ်ခဲ့သည့်၂၀၁၆ ဧပြီလအတွင်းက မဟာသင်္ကြန်ပွဲတော်တည်ဆောက်ရေးလုပ်ငန်း၊ ၂၀၁၆ နိုဝင်ဘာလက ထားဝယ်တက္ကသိုလ် ခြုံနွယ်ရှင်းလင်းရေး လုပ်ငန်းနှင့် ထားဝယ်လေယာဉ်ကွင်း ခြုံနွယ်ရှင်းလင်းရေး စသည့် လုပ်ငန်းများသည် အဂတိနှင့် ငြိစွန်းသည်ဟုဆိုကာ မတ်လ ၁၀ ရက်နေ့က တရားစွဲဆိုခဲ့သည်။ ■

စည်သူ(မြစ်ကြီးနား)

---

# မြစ်ကြီးနားဂျာနယ်ကို အသရေဖျက်မှုဖြင့် စွဲဆိုထားသည့်အမှုကို

## ဧပြီ ၈ ရက်တွင် စတင်စစ်ဆေးမည်

မြစ်ကြီးနား၊ ဧပြီ ၄

**မြစ်**ကြီးနားသတင်း ဂျာနယ်ကို သခင်စစ်ကုမ္ပဏီမှ တရားစွဲဆိုထားသည့် အသရေဖျက်မှုကို ဝိုင်းမော်မြို့နယ်တရားရုံးတွင် ဧပြီလ ၈ ရက်နေ့မှစတင်၍ အပတ်စဉ် တနင်္လာနေ့တိုင်း ကြားနာသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအမှုတွင် တရားလိုဘက်မှ သက်သေပေါင်း ၂၀ ဦး တင်ပြထားကြောင်း သိရပြီး ရုံးချိန်းတစ်ချိန်းလျှင် နှစ်ဦးနှုန်းဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုက စစ်တော့မယ်ဆိုတော့ ပြန်ညှိလို့ မရတော့ဘူး။ မှုခင်းစီမံခန့်ခွဲမှုလုပ်နေတဲ့အချိန်မှာတော့ ကျေအေးလို့ရသေးတယ်။ အခုက နှစ်ဦးနှစ်ဖက်လုံးကို နှစ်ကြိမ်ခေါ်တွေ့ပြီး နှစ်ကြိမ်လုံးမှာ မကျေအေးဘူးလို့ ပြောထားတော့ အမှုကို စစ်တော့မယ်။ ဧပြီ ၈ရက်နေ့မှာ ဦးဒိန်ဆောင် တစ်ယောက်တည်းကို စပြီးစစ်ဆေးမယ်။ ပြီးရင်တော့ နောက်ရုံးချိန်းတွေမှာ တရားလိုဘက်က သက်သေပေါင်း အယောက်၂၀ ကို စစ်ဆေးသွားမယ်။ တရားရုံးကတွက်ချက်တဲ့အရ တစ်ချိန်းမှာ ၂ ယောက်နှုန်းနဲ့ စစ်မယ်"ဟု မြစ်ကြီးနားသတင်းဂျာနယ် အမှုဆောင်အရာရှိချုပ် ဦးဘရန်မိုင်က အမှုနှင့်ပတ်သက်၍ ပြောသည်။

အဆိုပါအမှု၏ အကြိုအမှုအပြီးသတ် အစည်းအဝေးကို ဧပြီလ ၁ရက်နေ့တွင် ဒုတိယအကြိမ် ပြုလုပ်ခဲ့ပြီး နှစ်ဦးနှစ်ဖက် ကျေအေးမှုမရှိခဲ့ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးတင်ထွန်းသိန်းက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ထွေထွေထူးထူးတော့ မရှိပါဘူး။ ဒီနေ့က ဒုတိယအကြိမ် အကြိုအမှုအပြီးသတ် အစည်းအဝေးလုပ်တာ ဖြစ်တယ်။ လာမယ့် ဧပြီ ၈ရက်နေ့ကနေစပြီး တရားလို ဦးဒိန်ဆောင်ကို စစ်မယ်"ဟု ၎င်းက ပြောသည်။

မြစ်ကြီးနားဂျာနယ်မှ သတင်းထောက် မဒွန်းဒွန်းပန်ကလည်း အမျိုးသမီးကာယိန္ဒြေပျက်ပြားအောင် ပြုလုပ်မှု ပုဒ်မ-၃၅၄၊ ညစ်ညမ်းစွာ ဆဲရေးတိုင်ထွာခြင်း ပုဒ်မ-၂၉၄၊ မတရားတားဆီးပိတ်ပင်မှု ပုဒ်မ-၃၄၁၊ နာကျင်စေမှု ပုဒ်မ-၃၂၃၊ အားပေးကူညီမှုပုဒ်မ-၁၀၉ တို့ဖြင့် သခင်စစ်ကုမ္ပဏီကို ဝိုင်းမော်ရဲစခန်းတွင် ကနဦးအမှုဖွင့် တိုင်တန်းထားသည်။

ဖေဖော်ဝါရီလ ၂၅ ရက်ထုတ် မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြခဲ့သော "မန်ဒေါင်ကျေးရွာ အုပ်စုတွင် တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးသည့် ကုမ္ပဏီနှစ်ခု ဝင်ရောက်လုပ်ကိုင်နေ"ဆိုသည့် သတင်းပါ စာသားကြောင့် သခင်စစ်ကုမ္ပဏီ၏ ဂုဏ်သရေကို ညှိုးနွမ်းစေသည်ဟု ဆိုကာ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးဒိန်ဆောင်က မြစ်ကြီးနားသတင်းဂျာနယ်ကို အရေးယူပေးရန် မတ်လ ၄ရက်နေ့တွင် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

လင်းသူမောင်/DASH

မြစ်ကြီးနားသတင်း ဂျာနယ်
(ဧပြီ ၈ ၊ ၂၀၁၉)
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal


# မြစ်ကြီးနားတွင် ကြက်ဥလုံးအရွယ်မိုးသီးများ ကြွေစဉ်က

အင်ခိုင်ဘွမ် ရေးသားသည်

**မိုး**သီးကြွေခြင်း ဖြစ်စဉ်မှာ နေ့အပူရှိန် မြင့်တက်သည့် ကာလအတွင်း ပူပြင်းသည့် နေရာဒေသများ၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်ရာမှ စသည်။ လေထုမငြိမ်မသက် ဖြစ်ပေါ်ကာ မိုးတိမ်တောင်များ ဖြစ်ထွန်းလာပြီး မိုးသီးကြွေခြင်းများ ဖြစ်လာရခြင်း ဖြစ်သည်ဟု ဆိုသည်။ မြစ်ကြီးနားတွင်လည်း လွန်ခဲ့သည့် ၆၃ နှစ်က ကြက်ဥလုံးခန့်မိုးသီးကြီးများ ကြွေကျခဲ့ဖူးသည်။ မိုးသီးထုမှာ ၆ လက်မခန့်ထူနေ၍ ရေခဲပြင်ကြီးပမာ ဖြစ်နေခဲ့သည်ဟူ၏။ ၁၉၅၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့က မြစ်ကြီးနားအပိုင် တာလောကြီးရွာတွင် မိုးပြင်းလေပြင်းများ ကျရောက်ခဲ့သည်။ မိုးလေပြင်းရသည့်အထဲ ကြက်ဥလုံးခန့် မိုးသီးကြီးများကြောင့် လူအများ ဒုက္ခရောက်ကြရသည်။ သက်ငယ်မိုး အိမ်များမှာ ပေါက်ပြဲကုန်ကြသည်။ ထို့ကြောင့် လူများလည်း အိမ်ကြမ်းပြင်အောက်တွင် မိုးရေ စိုရွှဲရွှဲနှင့်ပင် ခိုအောင်းကြရသည်။

လူအများက ခိုအောင်းနိုင်ကြသော်လည်း ကျွဲ၊ နွား၊ ကြက်၊ ဘဲ၊ ငှက်၊ သတ္တဝါများမှာမူ မိုးသီးဒဏ်၊ အချမ်းဒဏ်ဖြင့် သေကြေကြရရှာသည်။ ၆ လမှ ၈ လသားအရွယ် ကျွဲနွားအကောင်ငယ် ၄ ကောင်မှာ သေပွဲဝင်ကြရသည်။ ဘဲ၊ ကြက်၊ ငှက်များမှာ ဆိုဖွယ်ရာ မရှိတော့။ တောင်သူများ၏ ခြံမြေများအတွင်းက သီးနှံပင်များမှာ စိစိညက်ညက် ကျေကုန်ကြသည်။ မိုးကြီးပြီးနောက် ရွာသားများထွက်၍ ပျက်စီးမှုအခြေအနေများကို စုံစမ်းရာ ရွာ၏တစ်မိုင်ပတ်လည်အတွင်းခန့် မိုးသီးများ ကြွေပြီး ရေခဲပြင်ပမာဖြစ်နေသည်ကို တွေ့ကြရလေသည်။

ရွာရှိ သက်ကြီးရွယ်အိုများလည်း ၎င်းတို့မှာ ဤကဲ့သို့အဖြစ်မျိုး တစ်သက်မကြုံဖူးပါဟု ဆိုကြလေသည်။ မကြုံဖူး ကြုံဖူးသည်ကို ကြာကြာအံ့ဩချိန်မရ၊ အခွန်တော်ကိစ္စအတွက် စိတ်ပူကြရပြန်သည်။ ဒုက္ခအပေါ် ဒုက္ခဆင့်ပြီဖြစ်ကြောင်း စိုးရိမ်ပူပန်ကြရတော့သည်။ ဒီနှစ် အခွန်တော်လွတ်ငြိမ်းခွင့်မပြုလျှင် သာပြီး ဒုက္ခရောက်ကြရလိမ့်မည်ဟု ဝေဖန် ညည်းညူကြရှာတော့သည်။ သို့သော်လည်း မတတ်နိုင် သူကြီးထံသို့သာ အကျိုးအကြောင်း ပြောပြတော့မည်ဟု ဆုံးဖြတ်ကာ သီးနှံခြံမြေ ပျက်စီးသူတောင်သူများသည် သူကြီးအိမ်သို့ သွားရောက်ကြပြီး အခွန်လွတ်ငြိမ်းခွင့် ပြုပါရန် ဝိုင်း၍ ပြောကြားကြလေတော့သည်။


Telegram LUDU
THE PEOPLE
ကြက်ဥလုံးခန့်မိုးသီးများ
မြစ်ကြီးနားခရိုင်တာလောကြီး၌ရွာခြင်း
22-3-56

ထိုကြက်ဥလုံးခန့် မိုးသီးကြီးများကြွေသည့် သတင်းကို မန္တလေးလူထုသတင်းစာတိုက်က သတင်းရယူကာ ၂၂. ၃. ၁၉၅၆ ရက်နေ့ထုတ် လူထုသတင်းစာတွင် မျက်နှာဖုံးတင် ဖော်ပြခဲ့လေသည်။ ■

# မိုင်းအန္တရာယ် အသိပေး ဓာတ်ပုံပြပွဲကျင်းပ



ဧပြီ ၅

**အ**ပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ်အသိပေးနေ့ အထိမ်းအမှတ်အဖြစ် မြစ်ကြီးနားမြို့ မနောင်ကွင်းတွင် ဧပြီလ ၅ ရက်မှစ၍ ဓာတ်ပုံပြပွဲ ကျင်းပခဲ့သည်။

မိုင်းအန္တရာယ် အသိပေး ဓာတ်ပုံပြပွဲကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း(MRCS)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဧပြီလ ၅ ရက်မှ ၁၁ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြေမြှုပ်မိုင်းများ၏ အကျိုးဆက်ကို ခံစားခဲ့ရသည့် ဓာတ်ပုံပြပွဲပါ ကချင်ပြည်နယ်မှ လူခုနှစ်ဦးကို အကြောင်းပြုကာ မြန်မာတစ်နိုင်ငံလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြောင်းအရာကို အာရုံစိုက်လာစေရန် ဓာတ်ပုံပြပွဲကျင်းပရခြင်းဖြစ်ကြောင်း မြစ်ကြီးနား ICRC ရုံးခွဲတာဝန်ခံ Zi Su Kim မှ ပြောသည်။

"မိုင်းဒဏ်ကြောင့် ထိခိုက်သော ပြည်သူများဖြတ်သန်းခဲ့ရတဲ့ သူတို့ဘဝတွေ တည်ဆောက်ခဲ့ရတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ ပြသရခြင်းဖြစ်ပါတယ်။ မိုင်းဒဏ်ထိပေမယ့်လည်း သူတို့ရဲ့ဘဝတွေအကောင်းဆုံး ပြန်လည်တည်ဆောက်နိုင်တယ်ဆိုတာ အများပြည်သူတွေ သိရှိအောင် ပြသရခြင်း ဖြစ်ပါတယ်"ဟု Zi Su Kim မှ ပြောသည်။

မြေမြှုပ်မိုင်းဒဏ် သင့်ခဲ့ခြင်းကြောင့် ဆုံးရှုံးမှုများကို ကြုံ့ကြုံ့ခံ ကျော်လွှားခဲ့ရသဖြင့် မိမိတို့ခံစားနေရသကဲ့သို့ အခြားမည်သူကိုမျှ ထပ်မံမဖြစ်စေလိုကြောင်းကို မြေမြှုပ်မိုင်းဒဏ်ခံခဲ့ရသူ ဓာတ်ပုံရှင် မအေးအေးဝင်းက ပြောသည်။

"တခြား အရပ်သားတွေကို ဒီလိုမျိုး ထိခိုက်မှာကျွန်မစိုးရိမ်တယ်။ ကျွန်မဖြစ်ခဲ့သလို ဘယ်သူကိုမှမဖြစ်စေချင်ဘူး။ ဒါကြောင့် အခုလိုအသိပေးခြင်း အစီအစဉ်အနေနဲ့ ဓာတ်ပုံပြပွဲ လုပ်ပေးတာက အလွန်ကောင်းပါတယ်" ဟု မအေးအေးဝင်းက ပြောသည်။

၂၀၁၈ခုနှစ်တွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်လက်နက်အကြွင်းအကျန်များကြောင့် ထိခိုက်ခံစားရသူ ၂၃ ဦးကို ထောက်ပံ့ကူညီပေးခဲ့သည်။

၂၀၁၇ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော စစ်လက်နက် အကြွင်းအကျန်များကြောင့် လူပေါင်း ၁၇၀ ကျော် ထိခိုက် သေဆုံးခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ထိခိုက်မှု ၂၈၀ နီးပါးရှိကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် တနိုင်းမြို့နှင့် ဖားကန့်ဒေသတို့သည် မြေမြှုပ်မိုင်းဒဏ်အများဆုံး ခံစားရသည့် ဒေသများဖြစ်ကြောင်း သိရသည်။

Ah Je

Myitsone Watch
မြစ်ဆုံစောင့်ကြည့်

# မြစ်ဆုံစီမံကိန်းကို နိုင်ငံရေး ထွက်ပေါက်တစ်ခုအဖြစ် အသုံးမချသင့်ဟု ဒေါက်တာ ထွန်းလွင် သုံးသပ်

မြစ်ကြီးနား၊ ဧပြီ ၂

မြစ်ဆုံစီမံကိန်းကို နိုင်ငံရေးထွက်ပေါက်တစ်ခုအနေဖြင့် အသုံးချကာ ဆက်လက်မဆောင်ရွက်သင့်ကြောင်း ရန်ကုန်မြို့တွင်ဧပြီလ၁ရက်နေ့က ကျင်းပခဲ့သော မြစ်ဆုံစီမံကိန်း ထာဝရရပ်ဆိုင်းရေး နိုင်ငံလုံးဆိုင်ရာအစည်းအဝေးတွင် ဒေါက်တာထွန်းလွင်က ပြောကြားသည်။

"မြစ်ဆုံကိစ္စ စီမံကိန်းကို ရှေ့ဆက်လုပ်မယ်ဆိုရင် အနာဂတ်မှာ မမျှော်လင့်နိုင်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လာနိုင်တဲ့အပြင် စည်းလုံးမှုတွေလည်း ပျက်ပြားသွားလိမ့်မယ်"ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

ပြည်သူလူထု ဆန္ဒနှင့်ဆန့်ကျင်နေသည့် ဧရာဝတီမြစ်ဆုံစီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်မည်ဆိုပါက လက်ရှိဖြတ်သန်းနေသော ဒီမိုကရေစီလမ်းကြောင်း ထိခိုက်ပျက်စီးမှုများနှင့် မလွဲမသွေ ကြုံတွေ့ရမည် ဖြစ်ကြောင်းလည်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောဆိုကြသည်။


မြစ်ဆုံစီမံကိန်း အပြင် မြန်မာနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအများစုသည် မြန်မာနိုင်ငံသားများ အတွက် ကောင်းကျိုးရလဒ်ထက် ဘေးထွက်ဆိုးကျိုးက ပိုများနေသည်ကို တွေ့မြင်နေရကြောင်းလည်း ပညာရှင်များက ထောက်ပြပြောဆိုခဲ့ကြသည်။

နာရေးကူညီမှုအသင်းမှ ကျင်းပခဲ့သည့် မြစ်ဆုံစီမံကိန်း အပြီးအပိုင်ရပ်ဆိုင်းရေးနိုင်ငံလုံးဆိုင်ရာ အစည်းအဝေးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဒေါက်တာ ထွန်းလွင်၊ စာရေးဆရာမ ဂျူး၊ စာရေးဆရာကိုတာ၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့ တက်ရောက်ခဲ့ကြပြီး ဥပဒေနှင့် စာပေအသိုင်းအဝိုင်းများမှ ပညာရှင်များက မြစ်ဆုံရေကာတာ စီမံကိန်းကို ဆက်လက်မဆောင်ရွက်ရန် ဟောပြောခဲ့ကြကာ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများပါဝင်သည့်မြစ်ဆုံစီမံကိန်း အပြီးအပိုင် ဖျက်သိမ်းရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။

ထို့အပြင်မြစ်ဆုံစီမံကိန်း စာချုပ်ကို ပွင့်လင်းမြင်သာမှုရှိစွာပြည်သူများကိုရှင်းလင်းတင်ပြရန် အစည်းအဝေးအပြီးတွင် ထုတ်ပြန်ခဲ့သည့် သဘောထား ကြေညာချက်တွင် ထည့်သွင်းတောင်းဆိုလိုက်ပါသည်။

ယင်းအစည်းအဝေးကြီးကို မြန်မာစိမ်းရောင် ကွန်ရက်၊ ဧရာဝတီမြစ်ထာဝရရှင်သန်မှု ဖော်ဆောင်ရေးလှုပ်ရှားမှုကော်မတီ၊ Burma River Network, Save The Salween Network ၊ မိတ္ထီလာ ပြည်သူ့အကျိုးဆောင်ကွန်ရက်တို့နှင့် မြစ်ချောင်းများနှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသော အရပ်ဘက် လူမှုအဖွဲ့အစည်းများက မြစ်ဆုံစီမံကိန်း အပြီးတိုင် ဖျက်သိမ်းရေးကို ထောက်ခံကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ ■

Ah Je






**တုတ်ထိုး** - မင်္ဂလာပါ ကိုအိုးပေါက်ရေ။
**အိုးပေါက်** - မင်္ဂလာပါ ကိုတုတ်ထိုးရေ။

**တုတ်ထိုး** - မြစ်ကြီးနားသတင်းဂျာနယ် ငါးနှစ်ပြည့်ပြီဗျနော်။
**အိုးပေါက်** - မြစ်ကြီးနားသတင်းဂျာနယ် ငါးနှစ် ပြည့်သလို ကျုပ်တို့နှစ်ယောက်ရဲ့ ဂျာနယ်စကားဝိုင်း ငါးနှစ်ပြည့်တာ ပါပဲဗျာ။

**တုတ်ထိုး** - ငါးနှစ်သက်တမ်း အတွင်းမှာ ဘာတွေထူးခြား ပြောင်းလဲသွားခဲ့သလဲ။
**အိုးပေါက်** - ထိုင်ထလုပ်ရလို့ ဘနားနားဂျာနယ်လို့ ပြောကြ တာတော့ ထူးခြားတယ်။

**တုတ်ထိုး** - မှတ်တောင် ထားရဦးမယ်။
**အိုးပေါက်** - စတာပါဗျာ။ ငါးနှစ်ပြည့် အထိမ်းအမှတ်နဲ့ ကျုပ်တို့ ဂျာနယ်စကားဝိုင်းလည်း နောက်ကြောင်းပြန်လှည့် ကြည့်ကြဦးစို့လား။

**တုတ်ထိုး** - ဟဲ့၊ နောက်ကြောင်း ပြန်မလှည့်ကြေးဆို။
**အိုးပေါက်** - နောက်ကြောင်းပြန်မလှည့်ကြေး ဆိုပေမယ့် အတိတ်သမိုင်း သင်ခန်းစာဆိုတာလည်း မေ့ဖျောက်နေလို့ ကောင်းတဲ့အရာ မဟုတ်ဘူးဗျ။

**တုတ်ထိုး** - ဒါဆိုလည်း ပြောကြတာပေါ့ဗျာ။
**အိုးပေါက်** - ဂျာနယ်ပထမနှစ်၊ ပထမလထဲမှာ ကျုပ်တို့ ငြိမ်းချမ်းရေးအကြောင်းတွေ ပြောခဲ့ကြတယ်။ အခုလည်း ပြောနေရတုန်းပဲ။ အခုဆိုကြည့် မြောက်ဦးမှာ စစ်ဖြစ်တယ်။

**တုတ်ထိုး** - သူတို့က စမပစ်ပါဘူး၊ ငါတို့က စမပစ်ပါဘူးနဲ့။ ပိုင်ရှင်မဲ့ မူးယစ်ဆေးတို့၊ ပိုင်ရှင်မဲ့အလောင်းတို့ပဲ ကြားဖူး တာ။ အခုတော့ ကြားနေရပြီ။ ပိုင်ရှင်မဲ့ စစ် တဲ့။
**အိုးပေါက်** - အဲ့ဒီတုန်းက မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းရေး အတွက် ပြည်သူတွေဟာ အုံနဲ့ကျင်းနဲ့ ပါခဲ့ကြတယ်။

**တုတ်ထိုး** - ကျုပ်တို့ ပြည်သူတွေအနေနဲ့ အခုထက်ထိ မြစ်ဆုံစီမံကိန်းကို ကာကွယ်ရဦးမှာပဲ။ ပြီးတော့ ကျုပ်တို့ ပြောတဲ့အထဲမှာ စစ်တပ်ဟာ နိုင်ငံရဲ့ ခြံစည်းရိုးကို စောင့်ရ မယ်၊ နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်ခွင့် လုံးဝမရှိစေရ အကြောင်းတွေ ပြောခဲ့ကြတယ်။
**အိုးပေါက်** - မွန်ဂိုလီးယားအစိုးရကတော့ နမူနာယူစရာ ကောင်းပါပဲ။

**တုတ်ထိုး** - အဲ့ဒီတုန်းက ဘာစကားတွေ ခေတ်စားခဲ့လဲဗျ။ ကျုပ် မမှတ်မိတော့လို့။
**အိုးပေါက်** - နယ်လှည့်ပါးရိုက်၊ ထမင်းတစ်နပ် လျှော့စား၊ ဖယောင်းတိုင်ထွန်းနေကြ၊ ပုဆိုးလှန်၊ ဗိုက်လှန်ပြတဲ့ သူရဲ ကောင်းတွေရဲ့ တန်ဖိုးမဲ့စကားတွေ ကြားခဲ့ကြရတာပါ။
**တုတ်ထိုး** - အခု ဝန်ကြီးတွေတော့ အသံမထွက်ဘူးနော်။
**အိုးပေါက်** - အသံထွက်တဲ့ ဝန်ကြီးတော့ ထောင်နန်းစံရ တာပဲလေ။

**တုတ်ထိုး** - ကျုပ်တို့ ဂျာနယ်စကားဝိုင်းမှာ မီဒီယာလွတ်လပ် ခွင့် အကြောင်းတွေလည်း ပြောခဲ့ကြတယ်။
**အိုးပေါက်** - ခင်ဗျားတော့ မသိဘူး။ ကျုပ်ဖြင့် မီဒီယာ၊ မီဒီယာလို့ ကြားတိုင်း ထိုင်ထလုပ်ခဲ့ရတဲ့ မြစ်ကြီးနားသတင်း ဂျာနယ်က သတင်းထောက်လေးကိုပဲ မြင်ယောင်နေမိ တော့တယ်။

**တုတ်ထိုး** - မီဒီယာသာ ပြည်သူ့နား၊ ပြည်သူ့မျက်စိ ဖြစ်ရမယ်။ "ငါမကောင်းရင် ငါ့ကိုရေး၊ ငါ့မိဖုရားမကောင်းရင် ငါ့မိဖုရား ကိုရေး၊ မင်းတို့ သတင်းစာ၌ အပြစ်မရှိစေရ"လို့ မိန့်ဆိုခဲ့တဲ့ မင်းတုန်းမင်းတရားကြီးကို သတိရမိပါရဲ့။
**အိုးပေါက်** - ခုနေများ မင်းတုန်းမင်းတရားကြီး ရှိရင် မြစ်ဆုံ မကောင်းရင် မြစ်ဆုံကိုရေး၊ တရုတ်မကောင်းရင် တရုတ်ကို ရေး၊ ငှက်ပျောမကောင်း ငှက်ပျောရေး၊ မင်းတို့ဂျာနယ် ထိုင်ထမလုပ်စေရလို့ မိန့်တော်မူမယ် ထင်ပါရဲ့ဗျာ။

**တုတ်ထိုး** - မှတ်တောင် ထားရဦးမယ်။
**အိုးပေါက်** - ပြီးတော့ ခေါင်းဆောင်မတင်ထိုက်တဲ့ သူတွေ အကြောင်း ကျုပ်တို့ ပြောခဲ့ကြတယ်။ အခုလည်း ခေါင်း ဆောင်မတင်ထိုက်တဲ့သူတွေကို ၂၀၂၀ မှာ မတင်မြှောက်မိဖို့ လိုတယ်ဗျ။

**တုတ်ထိုး** - ကျုပ်ဖြင့် မမှတ်မိတော့ပေါင်။ ပြန်ပြောပါဦး။
**အိုးပေါက်** - ကဏန်းလို လူမျိုးပေါ့။ အမြဲတမ်း ဘေးတိုက် သွားတယ်။ လက်မ တထောင်ထောင်နဲ့ ငါ တကောကော တတ်တဲ့ လူမျိုးပေါ့။ ပြီးတော့ ပုတ်သင်ညိုလို ပြောသမျှ ခေါင်း ငြိမ့်တတ်တဲ့ လူမျိုးကို ခေါင်းဆောင် မတင်သင့်ပါဘူး။

**တုတ်ထိုး** - လွှတ်တော်ထဲမှာ ထိုင်ထလုပ်တတ်တဲ့ လူမျိုးကျ ဘယ်အကောင့်ထဲ ထည့်မတုန်း။
**အိုးပေါက်** - အဲ့ဒါ ခေတ်သစ်ပုတ်သင်ညိုလို့ မှတ်ပါ။

**တုတ်ထိုး** - ပြီးတော့ . . . . . ။
**အိုးပေါက်** - ကိုင်းပင်လို လူမျိုး။ လေသင့်ရာ ယိမ်းတာ။ သာကူးသမားတွေ၊ ခြံစည်းရိုး ခွထိုင်တတ်တဲ့ သူမျိုးပေါ့။ အဘတက်လာရင် အဘခေါ်ပြီး အစ်မတက်လာရင် အစ်မ အစ်မဆိုပြီး သာကူးသမား လိုမျိုးပေါ့ဗျာ။

**တုတ်ထိုး** - အခု အစ်မကြီးကတော့ မညာဘူးနော်။ လာဘ် စားရင် ထောင်ထဲပဲ။
**အိုးပေါက်** - နောက်တစ်မျိုးက နွားဆိုးလို လူမျိုးပေါ့။ ဟော ဟောဒိုင်းဒိုင်း၊ ရှူးရှူးဒိုင်းဒိုင်းနဲ့ လုပ်တတ်တဲ့ လူမျိုးပေါ့ဗျာ။ နောက်တစ်ခုက လိပ်လိုမျိုး လူ။ ကိုယ့်ဘက် ကိုယ်ယက်တဲ့ လူတွေ။

တုတ်ထိုး - လိပ်တွေက ဘောင်းဘီဝတ်ပြီး ခေါင်းပေါင်းတတ် တယ်နော်။ ၂၀၀၈ ဖွဲ့စည်းပုံကို အသက်နဲ့လဲပြီး ကာကွယ် စောင့်ရှောက်မယ့် ပုံမျိုး။
အိုးပေါက် - ခွေးအ,လို လူမျိုးလည်း ရှိတယ်။ ယုတ်မာကောက် ကျစ်တဲ့ လူမျိုးပေါ့။ "ကဏန်း၊ ပုတ်သင်၊ ကိုင်းပင်၊ နွားသိုး၊ လိပ်မျိုး၊ ခွေးအ"လို့ မှတ်သားထားပေတော့။
တုတ်ထိုး - ဂျာနယ်သက်တမ်းအတွင်းမှာ နောက်ထပ် ဘာထူးခြားတာတွေ မှတ်မိသေးလဲ။
အိုးပေါက် - ငါးလောင်းပြိုင် လူသတ်မှု အမှုမှန် မပေါ်တာ ပါပဲ။ KBZ မီနီဘဏ် ဓားပြတိုက်မှုတွေပေါ့။ လေးယောက် လို့တောင် သိနေပြီ၊ နောက်ဆက်တွဲ သတင်း မကြားရဘူး။

**တုတ်ထိုး** - နောက်ထပ် မပြောင်းလဲသေးတာက ငြိမ်းချမ်း ရေးပဲ။ အခုထိ ငြိမ်းချမ်းရေးဟာ စိတ်ချရတဲ့ အနေအထား မှာ မရှိသေးဘူး။ အခုဆို AA ကိစ္စက တစ်စခန်း ထလာပြီ။
**အိုးပေါက်** - မြောက်ဦးမှာ မြို့တွင်း ပစ်ခတ်မှုတွေအထိ ရှိ လာတယ်။ ပြည်သူလူထုမှာ စားကောင်းခြင်း၊ အိပ်ကောင်း ခြင်း မရှိဘူး။ စစ်ရှောင်စခန်းတွေသာ တိုးတိုးလာတယ်။ အရပ်သားတွေ ထိခိုက်ဒဏ်ရာ ရတယ်။

**တုတ်ထိုး** - စစ်ပွဲတွေကြောင့် ထိခိုက်ရတဲ့ အပြစ်မဲ့ပြည်သူ တွေအတွက် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အနေနဲ့ ဖြေရှင်းပေးနိုင် မလားဗျ။
**အိုးပေါက်** - ကမ္ဘာပေါ်မှာဖြစ်တဲ့ စစ်ပွဲတွေကို ကြည့်ရင် (၁) လွတ်မြောက်ရေး စစ်ပွဲတွေ (Wars of Liberation) (၂) ခုခံရေးစစ်ပွဲတွေ (Defensive Wars) (၃) ကျူးကျော်ရေး စစ်ပွဲတွေ (Aggressive Wars)နဲ့ အကြမ်းဖက်နှိမ်နင်းရေး စစ်ပွဲတွေဆိုပြီး ရှိသတဲ့ဗျ။ မှတ်သားဖတ်ထားမိသလောက် တော့ဗျာ လွတ်မြောက်ရေးစစ်ပွဲနဲ့ ခုခံရေးစစ်ပွဲတွေကို တရားသော စစ်ပွဲ (Just of Wars) လို့ ခေါ်ကြပါတယ်။ ကျန် စစ်ပွဲတွေကို မတရားသော စစ်ပွဲတွေလို့ သတ်မှတ်ကြတာ ပေါ့။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်အနေနဲ့ ကျူးကျော်စစ်ပွဲ တွေကိုသာ ချက်ချင်းဖြေရှင်းနိုင်ပြီး ကျန်စစ်ပွဲတွေကိုတော့ သံတမန်နည်းနဲ့ ဖြေရှင်းကြတယ်။ ငြိမ်းချမ်းရေးဖော် ဆောင်ဖို့ အားပေးတယ်။ ပံ့ပိုးပေးပါတယ်။

**တုတ်ထိုး** - နိုင်ငံတကာ စစ်ဥပဒေမှာ စစ်ပွဲတွေကို စည်းမဲ့ ကမ်းမဲ့ တိုက်ခိုက်ခွင့် မရှိပါဘူး။ စစ်ပွဲတွေမှာ အပြစ်မဲ့အရပ် သားပြည်သူတွေ၊ မိန်းမသားတွေနဲ့ ကလေးတွေကို ကာ ကွယ်ရမယ်။ လူတွေနေထိုင်ရာ မြို့တွေကို ဗုံးကြဲတိုက်ခိုက် တာ၊ အမြောက်လက်နက်ကြီးတွေနဲ့ တိုက်ခိုက်ဖြိုခွင်းတာ မျိုး မလုပ်ရပါဘူး။
**အိုးပေါက်** - မြောက်ဦးမှာ ဖြစ်နေတဲ့ အရေးကိစ္စတွေ ကမ္ဘာ့ကုလသမဂ္ဂ အနေနဲ့ ပါဝင် ဆောင်ရွက်နိုင်ပါ့မလား။ နိုင်ငံတကာ စစ်ဥပဒေနဲ့ ဖြစ်ချင်ရာဖြစ်နေတဲ့ မြို့တွင်းပစ် ခတ်မှုတွေကို အရေးယူနိုင်ပါ့မလား။

**တုတ်ထိုး** - အခြေအနေမှန်ကို ကုလသမဂ္ဂသိအောင် သတင်းအချက်အလက်မှန်တွေ ပေးပို့နိုင်ရင် ရနိုင်မယ်ထင် ပါရဲ့။
**အိုးပေါက်** - ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ကိုလည်း ကျုပ်တို့ အမြဲတမ်း ပြောဖြစ်ခဲ့ကြတယ်နော်။ ၂၀၂၀ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်နိုင်ပါ့မလား။ အခုလို ပြည် တွင်းစစ် အနေအထားနဲ့ ငြိမ်းချမ်းရေး ရောက်ရှိလာဖို့ တော် တော် ခက်ခဲနေဦးမှာပါပဲ။

**တုတ်ထိုး** - ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင် လှိုင်ကတော့ ပြောဖူးတာပါပဲ။ ၂၀၂၀ မှာ ပြည်သူ့လက်ထဲ ငြိမ်းချမ်းရေး အရောက်အပ်မယ်တဲ့။
**အိုးပေါက်** - ၂၀၂၀ မှာ သမ္မတဖြစ်ချင်လို့ မဲဆွယ်တဲ့စကား လည်း ဖြစ်ချင်ဖြစ်မှာပါ။

**တုတ်ထိုး** - ဖြစ်နိုင်ပါ့မလား။
**အိုးပေါက်** - အခုလို အနေအထားမျိုးနဲ့ မဖြစ်နိုင်သေးပါ ဘူး။ သူက ငြိမ်းချမ်းရေး ရအောင်ယူပေးမယ် ပြောတာက နိုင်ငံရေး ဈေးစကားပြောတာ မဖြစ်နိုင်ဘူးလား။

**တုတ်ထိုး** - ငြိမ်းချမ်းရေး ကိစ္စမှာ တရုတ် အကူအညီဟာ ဘယ်လောက်အရေးပါနိုင်ပါလဲ။
**အိုးပေါက်** - တရုတ်ဟာ မြန်မာ့ငြိမ်းချမ်းရေးရဲ့ ဝှက်ဖဲတစ် ချပ် ဖြစ်နိုင်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အ စည်းတွေဟာ တရုတ်နဲ့ ကင်းနိုင်ကြသေးရဲ့လား။ မကင်း နိုင်ကြရင် တရုတ်ဟာ ငြိမ်းချမ်းရေးအတွက် မှောက်ဖဲတစ် ချပ် ဖြစ်လာနိုင်ပါတယ်။ မြစ်ဆုံစီမံကိန်း ဗန်းပြပြီး တခြား နိုင်ငံရေး အရှေ့တွေ၊ စီးပွားရေး အကွက်ရွှေ့မှုတွေ ဖြစ်လာ နိုင်ပါတယ်။ မြစ်ဆုံကို ရှေ့တန်းတင်ပြီး အောက်ဖဲတစ်ချပ် ချန်ဝှက်ထားတာမျိုး ရှိနိုင်ကြပါတယ်။
**တုတ်ထိုး** - ၂၀၂၀ မှာ သမ္မတဖြစ်ချင်တဲ့သူ တစ်ဦးဟာ ကာချုပ်ကြီး ဖြစ်နိုင်ပါ့မလား။

စာ .. ၁၃ သို့ »

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

# ပထမအကြိမ်
# မြစ်ကြီးနားသတင်းဂျာနယ် (၅)နှစ်ပြည့်
# ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

ဧပြီ ၁

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့ရှိပထမဦးဆုံးလွတ်လပ်သောသတင်းဂျာနယ်ဖြစ်သည့် မြစ်ကြီးနားသတင်း ဂျာနယ်သည် ၂၀၁၉ခုနှစ် မတ်လ ၂၉ရက်နေ့တွင် (၅)နှစ်ပြည့်ခဲ့ကာ၊ ပထမအကြိမ် ဂုဏ်ပြုပွဲအခမ်းအနားကို မနောင်ကွင်းရှိ မဂ္ဂယ်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ယင်းဂုဏ်ပြုပွဲ အခမ်းအနားတွင် မြစ်ကြီးနားသတင်းဂျာနယ် အမှုဆောင်အရာရှိချုပ် ဦးဘရန်မိုင်မှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ MDIF (Media Development Investment Fund)က Charles Peter အမှာစကား ပြောကြားခြင်းနှင့် လူမှုရေးဝန်ကြီး ဦးနေဝင်းမှ အမှာစကားပြောကြားခြင်း၊ ရန်ကုန်သတင်းစာပညာကျောင်းမှ သတင်းစာ ဆရာကြီး ရဲနိုင်မိုးက ဂုဏ်ပြုစကား ပြောကြားခြင်းများ အပါအဝင် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခြင်း၊ ကံစမ်းမဲဖောက်ခြင်း စသည့်အစီအစဉ်များ ပါဝင်သည်။

မြစ်ကြီးနားသတင်းဂျာနယ် အမှုဆောင်အရာရှိချုပ် ဦးဘရန်မိုင်မှ ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် ဌာနဆိုင်ရာအသီးသီးမှ အရာရှိလူကြီးမင်းများ၊ မြစ်ကြီးနားသတင်း ဂျာနယ်ကို အားပေးခဲ့သော စာဖတ်ပရိသတ်များ၊ ကြော်ငြာထည့်ပေးသော စီးပွားရေး လုပ်ငန်းရှင်များ၊ စာရေးဆရာများ၊ သင်တန်းဆရာများကို ကျေးဇူးတင်ကြောင်း၊ မြစ်ကြီး နားသတင်းဂျာနယ်ကို ပံ့ပိုးပေးနေသော နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် MDIF ကိုလည်း ကျေးဇူးတင်ကြောင်းနှင့် အခြားအဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ကြောင်း ဆိုသည်။

မြစ်ကြီးနားသတင်းဂျာနယ် ပထမဆုံးစာစောင်ကို ၂၀၁၄ ခုနှစ် မတ်လ ၂၉ရက်နေ့တွင် စထုတ်ဝေခဲ့ခြင်း ဖြစ်ပြီး အမှုဆောင်အရာရှိချုပ် ဦးဘရန်မိုင်၊ အယ်ဒီတာချုပ် မဆိုင်းမိုင်၊ ဦးဇော်ခွန်း (အမှုဆောင်အရာရှိချုပ်-၂)တို့ သုံးဦးက စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

မြစ်ကြီးနားသတင်း ဂျာနယ်ဟု အမည်ခေါ်ဝေါ်သုံးစွဲရခြင်းမှာ နိုင်ငံတော်အစိုးရ တရား ဝင်အသိအမှတ်ပြုထားသော မြစ်ကြီးနားဆိုသည့် နာမည်ကို သုံးရခြင်းဖြစ်ကြောင်းနှင့် ၎င်းအမည်သည် လူမျိုးရေး၊ ဘာသာရေးနှင့်လည်း ကင်းရှင်းကြောင်း မြစ်ကြီးနားသတင်း ဂျာနယ် အမှုဆောင်အရာရှိချုပ် ဦးဘရန်မိုင်က ပြောသည်။

"ဂျာနယ်နာမည်ပေးမယ့် အချိန်လည်း သေချာ ထည့်စဉ်းစားရပါတယ်။ ကချင်ရော၊ ဝန်ပေါင်ရော အမျိုးမျိုးပေါ့ကွာ။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ လူမျိုးပေါင်းစုံ၊ ဘာသာ ပေါင်းစုံနေထိုင်တဲ့ ဒေသဖြစ်တဲ့အတွက် လူမျိုးရေးဘာသာရေးအစွဲတွေ မပါအောင် စာဖတ် ပရိသတ်အမြင် တိမ်းစောင်းမသွားအောင်၊ မြစ်ကြီးနားဆိုတဲ့ နာမည်ပဲသင့်တော်တယ် ဆိုပြီး ဒီနာမည်ပဲသုံးပါတယ်"ဟု ၎င်းက ပြောသည်။

မီဒီယာသမားများသည် သတင်းရေးသည့်အချိန်တွင် အင်မတန်ရိုးရှင်းစွာ ရေးသားရမည် ဖြစ်သောကြောင့် အများသုံး၊ ရိုးသုံး မြန်မာဘာသာစကားဖြင့် အပတ်စဉ် ထုတ်ဝေနေသော စာစောင် ဖြစ်ပြီး မြစ်ကြီးနားသတင်းဂျာနယ်သည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ဝန်ထမ်း အဖွဲ့သားများနှင့် ဖွဲ့စည်းထားသော ဂျာနယ်တိုက်ဖြစ်သည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနားသတင်းဂျာနယ်သည် မရှိမဖြစ်လိုအပ်သည့် သတင်း ဂျာနယ်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးနိုင်ရန်အတွက် သတင်းမီဒီယာများကလည်း အဓိကကျ သော အခန်းကဏ္ဍတွင် ပါဝင်ကြောင်း လူမှုရေးဝန်ကြီး ဦးနေဝင်းက ပြောသည်။

"ကချင်ပြည်နယ်က လူထုစာဖတ်ပရိသတ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ပညာရေး၊ ကျန်းမာရေးတို့မှာ မြစ်ကြီးနားသတင်း ဂျာနယ်ကြောင့် အများကြီးအထောက်အကူ ဖြစ် တယ်။ ဒီသတင်းဂျာနယ် ပေါက်ဖွားလာအောင် ကြိုးစားအားထုတ်ပေးတဲ့ ပုဂ္ဂိုလ်များကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်"ဟု လူမှုဝန်ကြီး ဦးနေဝင်းက ပြောသည်။

မြစ်ကြီးနားသတင်းဂျာနယ် (၅)နှစ်ပြည့်ဆိုသည်မှာ ကချင်ပြည်နယ်အတွက် အလွန် ဂုဏ်ယူစရာ ဖြစ်ကြောင်းနှင့် မြစ်ကြီးနားသတင်းဂျာနယ်ကို ဝယ်ဖတ်ကြခြင်းနှင့် ကြော်ငြာ များထည့်ခြင်းအားဖြင့် လူ့အဖွဲ့အစည်းတွင် ပြည်နယ်အတွင်းရှိ ဒီမိုကရေစီ၏ ဂေဟဗေဒ စနစ်ကို ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း ရန်ကုန် သတင်းစာပညာကျောင်းမှ သတင်းစာ ဆရာကြီး ရဲနိုင်မိုးက ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

အဆိုပါ မြစ်ကြီးနားသတင်းဂျာနယ်(၅)နှစ်ပြည့် အခမ်းအနား၏ ဂုဏ်ပြုခြင်းအစီအစဉ် တွင် ကချင်ပြည်နယ်အတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အများပြည်သူများ၏ အကျိုးကို ထိရောက်စွာ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်သည့် ဦးလွမ်းဇောင်း၊ ဦးဇော်ဂျတ်၊ ဒေါ်နန်ပူ၊ ပေးဆပ်သူ လူမှုကူညီရေးအသင်း၊ မလိအင်ရာနှင့်အဖွဲ့၊ အင်ဆန် အောင်လ၊ Rest In Peace လူမှုကူညီ ကယ်ဆယ်ရေးအသင်း၊ Peace Creation Group (ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့)၊ Shingni Nbat တို့ကို မြစ်ကြီးနားသတင်း ဂျာနယ်က Myitkyina News journal Award ဆု ပေးအပ်ခဲ့သည်။ ■

မျိုးမြတ်မြတ်ပန်




၂၀၁၇ ရဲ့ Person Of The Year ဆုရှင် ဒေါ်ဆာလီထွေ ဂုဏ်ပြုဆု လက်ခံယူနေစဉ်



အယ်ဒီတာချုပ်၊ အမှုဆောင်အရာရှိချုပ်(၂)၊ လူမှုရေးဝန်ကြီး



ဝန်ထမ်းအကောင်းဆုံးဆုရှင် မနိနိထက်နိုင်



Shingni Nbat အဖွဲ့မှ MKNJ Award ဆု လက်ခံယူနေစဉ်




မြစ်ကြီးနားသတင်းဂျာနယ် အဖွဲ့နှင့် လူငယ်များ



မလိအင်ရာအဖွဲ့မှ MKNJ Award ဆု လက်ခံယူနေစဉ်



၂၀၁၇ ရဲ့ Person Of The Year ဆုရှင် ဒေါ်ဂျာခေါန်
ဂုဏ်ပြုဆု လက်ခံယူနေစဉ်



PCG အဖွဲ့မှ MKNJ Award ဆု လက်ခံယူနေစဉ်



မြစ်ကြီးနားသတင်းဂျာနယ် ၅နှစ်ပြည့်
အမှတ်တရ လက်မှတ်ရေးထိုးနေကြစဉ်



၂၀၁၇ ရဲ့ Person Of The Year ဆုရှင် စိုင်းအိုက်ပီး
ဂုဏ်ပြုဆု လက်ခံယူနေစဉ်



ဝန်ထမ်းအကောင်းဆုံးဆုရှင် မအက်စတာ



စာရေးဆရာ စောနဒီ (တုတ်ထိုးအိုးပေါက်)
ဂုဏ်ပြုဆု လက်ခံယူနေစဉ်



RIP အဖွဲ့မှ MKNJ Award ဆု လက်ခံယူနေစဉ်




စာရေးဆရာ မြတ်သွေးထက် ဂုဏ်ပြုဆု လက်ခံယူနေစဉ်

# ဆိုင်ကယ်ဖမ်းခြင်းက လုယက်မှုနဲ့ ဆိုင်ကယ်ခိုးမှုတွေကို ဟန့်တားစေနိုင်မယ်လို့ ယုံကြည်သလား



**လာလေ** (ဝိုင်းမော်မြို့)


ဆိုင်ကယ်တွေကို အခုလို နေ့ရောညရောပါ ဦးထုပ်ဘက်မှန် နံပါတ်ပြားဆိုပြီး ဖမ်းတာက လုယက်မှုတွေ မရှိအောင် ဆိုပြီး ဖမ်းတာ ဖြစ်တယ်လို့ ပြောကြတယ်။ အမှန်တကယ်ကတော့ လုယက်မှုလုပ်နေကြတဲ့ ဂျင်းကောင်တွေက အခုလို ဖမ်းနေတဲ့ နည်းဗျူဟာသိပြီး တခြား နည်းလမ်းနဲ့တောင် လုစားနေလောက်ပြီ။ လိုင်စင်မဲ့စီးပြီး အသက်မသေစေပါဘူး။ ရှိရင်တော့ ပိုကောင်းတာပေါ့။ "မူးရင်မမောင်းနဲ့ မောင်းရင်မမူးနဲ့" ဆိုတဲ့ဟာနဲ့ ဆိုင်ကယ်ဦးထုပ်ဆောင်းခြင်းသာ အဓိကပါ။




**ခေါင်ဇယ်** (ဝိုင်းမော်မြို့)

လုယက်မှုရဲ့ပြဿနာက ဆိုင်ကယ်ထိန်းသိမ်းခြင်းနဲ့ တိုက်ရိုက်အချိုးမကျဘူး။ အဲတော့ အခုလိုဆိုင်ကယ်ဖမ်းခြင်းနဲ့ လုယက်မှုတွေ ပျောက်ကင်းနိုင်မယ်လို့ မထင်ပါဘူး။ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဥပဒေနဲ့အညီ ထိန်းသိမ်းတယ်ဆိုရင်တော့ မော်တော်ယာဉ်တွေ စည်းကမ်းရှိရှိ မောင်းနှင်လာပြီး ပြည်နယ်ကြီးကို တိုးတက်ဖွံ့ဖြိုးလာမယ်လို့ မြင်ပါတယ်။ အဓိက ပြဿနာတစ်ခုက မြန်မာတစ်နိုင်ငံလုံး ရင်ဆိုင်ဖြေရှင်းနေရတဲ့ မူးယစ်ဆေးဝါးပြဿနာကြောင့် ကောက်ချက်ချယူဆနိုင်တယ်။ ဘာလို့လဲဆို လုယက်မှုတွေ၊ မူးယစ်ဆေးဝါး များနေတဲ့အမှုကို ထိထိရောက်ရောက် မဖြေရှင်းနိုင်သေးဘူးဆိုတာ ပေါ်လွင်ပါတယ်။ လူငယ်တွေရဲ့စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်တွေ မြင့်လာမယ်။ မူးယစ်ဆေးဝါးအန္တရာယ်ကို ရှောင်ရှားတတ်မယ်။ လုယက်မှုက လူမှုနယ်ပယ်မှာ အလွန်ရှက်စရာကောင်းတယ်ဆိုတာ သိလာမယ်။ အဲတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာရင် လုယက်မှုဆိုတာ ပပျောက်သွားနိုင်မယ်လို့ ယူဆပါတယ်။

**ခေါန်ဆိုင်း** (စီတာပူ)



အခု လက်ရှိအစိုးရက မှောင်ခိုဘီးတွေ ဝယ်သွင်းတယ်။ အမှန်ဆိုရင် လိုင်စင်ရှိပြီးသား ဆိုင်ကယ်တွေ ရောင်းရမယ်။ ဈေးများလို့ မစီးနိုင်ဘူးဆိုလည်း မစီးဘူးပေါ့နော်။ လိုင်စင်ရှိပြီးသားဆိုတော့ စိတ်လွတ်ကိုယ်လွတ် စီးလို့ရတယ်လေ။ အစိုးရဘက်ကနေ လိုင်စင်မဲ့တွေသွင်းတော့ စီးတဲ့ လူတွေကလည်း လိုင်စင်လုပ်ပြီး စည်းကမ်းကျကျစီးဖို့က ကိုယ့်ဘက်ကလည်း အားသိပ်မရှိဘူးပေါ့။ တကယ်တမ်း အဲလိုလုယက်မှုတွေကြောင့် စစ်ဆေးအရေးယူမယ်ဆိုရင် ဆိုင်ကယ်စီးတဲ့လူတွေက အကုန် သူခိုး ဓားပြတွေ ဖြစ်ကုန်မှာပေါ့။ ဆိုင်ကယ်လိုင်စင်မဲ့ စီးတဲ့လူက သူခိုးဓားပြချည်းပဲတော့ မဟုတ်လောက်ဘူးလေနော့်။ သူတို့ သတ်မှတ်ချက်က နည်းနည်းများ မှားနေသလားလို့ပေါ့။ လိုင်စင်တွေကို အဲလိုစစ်ဆေးမယ်။ အရေးယူမယ်ဆိုရင် လိုင်စင်အပါ ဘီးတွေ၊ တကယ့်အာမခံချက်ရှိတဲ့ ဘီးတွေကို ရောင်းလို့ရှိရင် အဲဒါတွေကို ဝယ်စီးလို့ရှိရင် အခုလိုတွေ မဖြစ်တော့ဘူးပေါ့။



**ဝင်းဇော်ဦး**(အုပ်ချုပ်ရေးမှူး၊ သီတာရပ်ကွက်၊ မြစ်ကြီးနား။)

ဒီဟာလုပ်တာက ကျွန်တော်တို့ မြစ်ကြီးနားမြို့မှာ လုယက်မှုတွေ များလာတယ်။ တော်တော်များများ လုတဲ့ကလေးတွေရဲ့ ဆိုင်ကယ်တိုင်းက နံပါတ်ပြား မပါဘူးလေ။ အဲ့ဒါကြောင့် နည်းနည်းစိစစ်ပြီး ကြပ်မတ်လိုက်တဲ့သဘောပါ။ လုယက်မှုကတော့ အရှိန်ကျတာပေါ့။ နောက်ပြီး သင်္ကြန်တွင်းကာလမှာရော ဆိုင်ကယ်တိုက်မှုတွေက ဖြစ်တယ်လေ။ လုယက်တဲ့ လူကလည်း သူ ရည်ရွယ်ချက်ရှိရှိလုပ်တာ ဒါပေမဲ့ လှည့်ကင်းတွေက တွေ့မိလိုက်တယ်ပေါ့။ မဖမ်းနိုင်လည်း နံပါတ်ပြားတော့ ချက်ချင်း မှတ်မိမှာပေါ့။ လုတဲ့လူလည်း ချက်ခြင်းတော့ မဖြုတ်နိုင်ဘူးလေ။ အဲဒီအတွက် ရဲတွေအတွက် လိုက်ဖို့ အဆင်ပြေတာပေါ့။

**ဘရန်နူး**



ဆိုင်ကယ်တွေကို အခုလို ဖမ်းဆီးဒဏ်ရိုက်လုပ်ရင် လုယက်မှုပပျောက်မယ်လို့ ထင်ပြီး ဆိုင်ကယ်တွေကို ဖမ်းဆီးဒဏ်ရိုက်နေတာဟာ အနာတစ်ခြား ဆေးတစ်ခြား ဖြစ်နေပါတယ်။ တကယ့်လက်တွေ့မြေပြင်မှာ နေ့တိုင်း ဖမ်းဆီးဒဏ်ရိုက်ခံရသူတွေဟာ ဒုစရိုက်သမားတွေမဟုတ်ဘဲ လူမှုရေးကိစ္စ၊ နွေရာသီကျောင်းသားကလေးတွေ၊ သင်တန်းကြိုပို့ကိစ္စနဲ့ သွားလာနေသူတွေ၊ ဈေးသယ်တွေနဲ့ အပြစ်မဲ့ပြည်သူတွေပဲ ဖြစ်တယ်။ ဆိုင်ကယ်နံပါတ်ပြားတွေကို ဆိုင်ကယ် အပိုပစ္စည်းအရောင်းဆိုင်တွေမှာ ၁၅၀၀ ကျပ်နဲ့ အလွယ်တကူ ဝယ်ပြီးတပ်ဖို့ သူတို့ယာဉ်ထိန်းရဲတွေ ကိုယ်တိုင် လမ်းညွှန်ပေးတာ တွေ့ရတယ်။ ဒီနည်းလမ်းက ဒုစရိုက်သမား ပပျောက်အောင်လုပ်တဲ့ နည်းလမ်းက အမှန်လား။ ရှက်စရာကောင်းတဲ့ လုပ်ရပ်လို့ မြင်ပါတယ်။ လုယက်မှု ပပျောက်အောင် ပြုလုပ်နိုင်ဖို့က ပြည်နယ်အစိုးရနဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှာ အဓိက တာဝန်ရှိပါတယ်။ အစိုးရ ကိုင်ပြီး ဖြေရှင်းလို့မရတဲ့ ပြဿနာဆိုတာ မရှိဘူး။



**ဟန်ဇော်ထွဋ်** (စက်မှုရက်ကွက်)

လုယက်မှုတွေ ပပျောက်ချင်တယ် ဆိုရင်တော့ အခုလိုမျိုး တစ်ခါတလေ ဖမ်းပြီး ကျွန်တော်အနေနဲ့ကတော့ အဆင်ပြေမှာ မဟုတ်ဘူး။ အမြဲတမ်း ညကင်းလှည့်နိုင်မှ အဆင်ပြေမယ် တစ်ခါတလေပဲ ဖမ်းတယ်ဆိုရင်က လုယက်မှုတွေ ပပျောက်သွားမယ်လို့တော့ မထင်ဘူး။

**ဦးဘောက်နော်** (အုပ်ချုပ်ရေးမှူး - တပ်ကုန်းရပ်ကွက်)



လုယက်မှု ပပျောက်အောင်က ဆိုင်ကယ်ဖမ်းတဲ့နည်းနဲ့တော့ ဘာမှ မထိရောက်တာတော့ သေချာတယ်။ တကယ်လုပ်ရမယ့် အလုပ်က ရဲအင်အားတိုးချဲ့ရမယ်။ ရဲတွေက လမ်းဆုံလမ်းခွတွေမှာ ရဲတွေရှိရင်တော့ ပပျောက်နိုင်တယ်။ ဥပမာ တခြားနိုင်ငံမှာ ကြည့်လေ. . . ရဲတွေက တစ်နေရာရာမှာ တစ်ခုခုဖြစ်ပြီဆိုရင်က ဒီဘက်ကလူက မမိလိုက်ဘူး။ စက်နဲ့ပြောလိုက်တယ်။ ချက်ချင်း ဟိုဘက်ကလူက သွားပိတ်ထားလို့ ရသွားပြီ။ အခု ငါတို့က တစ်လမ်းလုံး ရဲတစ်ယောက်မှ မရှိဘူး။ အဲတော့ ဘာမှလုပ်လို့မရဘူး။ လုယက်မှု ပပျောက်အောင်က ရဲတွေအဆင့်မြင့်ရမယ်။ ရဲအင်အားလိုတယ်၊ ဆိုင်ကယ်ဖမ်းတာနဲ့တော့ လုယက်မှု ဘယ်လိုမှ မပျောက်နိုင်ဘူး။ နောက်ပြီး မူးယစ်ဆေးဝါး ကျဆင်းအောင် လုပ်ရမယ်။

စာ .. ၉ တုတ်ထိုးအိုးပေါက်မှ »

**အိုးပေါက်** -၂၀၂၀ မှာ သမ္မတမှန်းထားနိုင်တဲ့ သူတွေဟာ ကာချုပ်ကြီးလည်း ဖြစ်နိုင်တယ်။ ဦးရွှေမန်းလည်း ဖြစ်နိုင်ပါတယ်။ သေချာတာကတော့ ၂၀၂၀ မှာ NLD ပါတီဟာ မီးကျိုးမောင်းပြတ်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားဖို့ လိုတာအမှန်ပါပဲ။

**တုတ်ထိုး** - ခင်ဗျားရော ၂၀၀၈ ဖွဲ့စည်းပုံကို ဘာကြောင့် ပြင်ချင်ရတာလဲ။

**အိုးပေါက်** - သူတို့တွေ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ကြမယ့် ပုံမျိုးနဲ့ မျက်နှာကြောတင်းပြီး ထိုင်ထလုပ်နေကြကတည်းက ပြည်သူ့အကျိုးကို ကာကွယ်နေတာလား၊ သူတို့အကျိုးကို ကာကွယ်နေတာလား ရှင်းနေတာပါပဲ။ ပြီးတော့ နာဂစ် ၂၀၀၈ ဖွဲ့စည်းပုံကို ပြည်သူလူထုက မကြိုက်ဘူးဆိုတာ အခု ပြည်နယ်တိုင်းအနှံ့ ပြင်ဆင်ရေး ထောက်ခံနေကြတာကို ကြည့်ရင် ပြည်သူလူထုဟာ ဖွဲ့စည်းပုံကို မကြိုက်ဘူးဆိုတာ မြင်သာနေတာပါပဲဗျာ။ ။ ■

# ဟိုပင်မြို့တွင် ဌာနေတိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ နှီးနှောဖလှယ်ပွဲပြုလုပ်



**မိုး**ညှင်းမြို့နယ် ဟိုပင်မြို့တွင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ နှီးနှောဖလှယ်ပွဲကို ဧပြီလ ၂ ရက်နေ့ မနက် ၉ နာရီခွဲ အချိန်က ဟိုပင်မြို့တော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို မိုးညှင်းမြို့နယ် လွယ်ယန်ဘွမ်လူမှုဖွံ့ဖြိုးရေး အသင်း၊ ဟိုပင်ဒေသ အရပ်ဘက်အဖွဲ့အစည်းကွန်ရက်၊ ရှမ်းမျိုးနွယ်များရိုးရာ စာပေယဉ်ကျေးမှု၊ ကချင်ရိုးရာ စာပေယဉ်ကျေးမှုအဖွဲ့တို့က ပူးပေါင်းကာ ဧပြီလ ၃ရက်နေ့အထိ ၂ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို ကချင်ပြည်နယ်အတွင်းရှိ ရှမ်း တိုင်းရင်းသားများနှင့် ကချင် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ကြစေရန် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

"ကချင်ပြည်နယ်မှာ ရှေးအကျဆုံး နေထိုင်လာခဲ့ကြတဲ့ ကချင်တိုင်းရင်းသားနဲ့ ရှမ်း တိုင်းရင်းသားတို့က မိမိတို့ရဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများနဲ့ အသုံးအဆောင်များကို မကွယ်ပျောက်စေဘဲ ရေရှည်ထိန်းသိမ်းထားနိုင်ကြဖို့ ရည်ရွယ်ပြီ အခုလိုပွဲတော်ကို ကျင်းပပေးရတာပါ"ဟု ဟိုပင်ဒေသခံ ရှမ်းနီ(တိုင်းလိုင်) စာပေယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဝိုင်းက ပြောသည်။

အခမ်းအနားတွင် ကချင်ရိုးရာ အစားအစာများနှင့် ရှမ်းရိုးရာ အစားအစာများကို တည်ခင်းဧည့်ခံ ခြင်းဖြင့် ခေတ်သစ် လူငယ်များအတွက် ဗဟုသုတ ရရှိစေနိုင်ကြောင်း မိုးညှင်းမြို့နယ် လွယ်ယန်ဘွမ်လူမှုဖွံ့ဖြိုးရေး အသင်းဒါရိုက်တာ ဦးလရိန်က ပြောသည်။

အခုလိုပွဲတွေ ပြုလုပ်ပေးရခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုမြင့်တက်လာသလို ရိုးရာအစားအစာတွေကို တွေ့မြင်ကြရလို့ လူငယ်တွေအတွက်လည်း ဗဟုသုတတွေ တိုးစေပါတယ် ရှမ်းတိုင်းရင်းသားနဲ့ ကချင် တိုင်းရင်းသားတွေရဲ့ ရိုးရာ ယဉ်ကျေးမှုတွေ ဖလှယ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေလည်း ပြုလုပ်ကြမှာပါ။ အခုပြုလုပ်ပေးတာဟာ ဒုတိယအကြိမ်ပါ ပထမအကြိမ်ကို မိုးညှင်းမြို့မှာ လုပ်ခဲ့ပြီးပါပြီ။ အဖွဲ့ရန်ပုံငွေအခြေအနေအရ အခြားမြို့တွေမှာ ဆက်လက် လုပ်ပေးနိုင်အောင် ကြိုးစားနေပါတယ်" ဟု ကချင်တိုင်းရင်းသား ဦးလရိန်က ဆက်လက်ပြောကြားသည်။

အဆိုပါ အခမ်းအနားကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဇော်၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဗဟိုကော်မတီဒုဥက္ကဋ္ဌ ဦးလတောင်၊ ကချင်ပြည်နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌတို့က တက်ရောက်ခဲ့ကြသည်။ ■

ထွန်းထွန်း(မိုးညှင်း)








# M▶vie view

**ယခုအပတ် ရောု(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**



**နေ့လယ် ၁၂း၃၀ နှင့် ည ၇း၀၀ ပွဲချိန်တွင်**

**မင်္ဂလာဦးည**




**ညနေ ၃း၃၀ ပွဲချိန်တွင်**

Dumbo

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကဏ္ဍာ

## အာရှ ဝတ္ထုတိုများ

စာရေးသူ = တင့်ဇော်

ထုတ်ဝေသူ = Text River

တန်ဖိုး = ၅၀၀၀ ကျပ်




ညီထွန်းလင်း

၂၀၁၇ ခုနှစ် အမျိုးသား စာပေ ဘာသာပြန်(ရသ) စာပေဆုရစာအုပ် ဖြစ်ပါတယ်။ အင်ဒိုချိုင်းနား၊ မလေးရှား၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ သီရိလင်္ကာ၊ ဂျပန်၊ ဖိလစ်ပိုင်၊ ကက်ရှ်မီးယား၊ စင်္ကာပူ၊ ကမ္ဘောဒီးယား၊ ကိုးရီးယား၊ ပါကစ္စတန်၊ ဗီယက်နမ်၊ လာအို စတဲ့ နိုင်ငံတွေက စာရေးဆရာများရဲ့ ဝတ္ထုတိုများကို ဆရာတင့်ဇော်က ဘာသာပြန်ထားခြင်း ဖြစ်ပါတယ်။ ဒီဝတ္ထုတိုတွေကို ခေတ်ရန့်၊ မဟေသီ၊ ရုပ်ရှင်စတား၊ မဟော်သဓာ အစရှိတဲ့ မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့ပြီး ယခုလိုပေါင်းချုပ်အဖြစ် ပြန်လည်ထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။ အာရှနိုင်ငံတွေရဲ့ ဝတ္ထုတိုအတတ်ပညာ၊ အနုပညာများကို တစ်ပေါင်းတစ်စည်း တွေ့မြင်ရနိုင်မယ့်စာအုပ် ဖြစ်ပါတယ်။

"ဟုတ်ပ၊ အဲဒီ တစ်ညနေခင်းဆိုတာကြီးကို ရေရေရာရာမရှိဘဲ မတင်မကျ ခံစားနေမိတယ်။ ကောင်ကလေး ပြောသလို ရှေ့ဘက်ကို နည်းနည်းတိုးပြီး လေးလေးဖင့်ဖင့်နဲ့ မှန်မှန်လေး လျှောက်သွားရင် အကျိုးအကြောင်း ပိုမိုမှာပဲလို့ ကျွန်တော့်စိတ်ထဲမှာ ခံစားမိလာတယ်။ အဖြစ်အပျက်အကြောင်းအရာ အပြည့်အစုံကို မသိရသေးခင်မှာ ကျွန်တော့် ကျောကုန်းပေါ်က ဝန်ထုတ်ဝန်ပိုးကြီးကို ဖယ်ရှားပစ်လိုက်ရင် ကျွန်တော့်စိတ်တွေ ပိုမိုတည်ငြိမ်အေးချမ်းလာလိမ့်မယ်လို့လည်း ထင်မိပါရဲ့။ နားလည်သဘောပေါက်ဖို့ ဆိုတာအတွက်တော့ အနည်းအကျဉ်း ဒုက္ခခံစားရမှာပါပဲ။


ကျွန်တော် ခြေလှမ်းတွေကို မြန်မြန်သွက်သွက် လှမ်းလိုက်တယ်။ ပိုပြီးမြန်သွားအောင်၊ ပိုပိုပြီး လျှင်မြန်အောင်။ မိုးပေါက်တွေက စောစောကလေးကတင်ပဲ တဖွဲဖွဲကျလို့။ လူသွားလမ်းကလေးမှာ ပိုပိုပြီး မှောင်လာတယ်။ ကျွန်တော့်စိတ်တွေ ကယောက်ကယက်ချောက်ချောက်ချားချားဖြစ်နေသလို လှုပ်ရှားနေတယ်။ ကျွန်တော့်စိတ်အစဉ်မှာ သေချာတာ တစ်ခုပဲရှိတယ်။ အဲဒါက ကျွန်တော့်ရဲ့ ကျောကုန်းပေါ်မှာ ကလေးတစ်ယောက် တွယ်ကပ်နေတယ်။ အဲဒီကလေးက ကြေးမုံပြင်တစ်ချပ်လိုပါပဲ။ ကျွန်တော့်အတိတ်၊ ပစ္စုပ္ပန် အခြေအနေ၊ ပြီးတော့ ကျွန်တော့်ရဲ့အနာဂတ်။ အကြောင်းအရာ အသေးအမွှားကလေးတွေတောင်မှ မထင်မရှား မဖြစ်အောင်၊ မချန်ရစ်နိုင်အောင် ဖော်ထုတ်နိုင်တဲ့ကြေးမုံပြင်။ (စာ - ၂၇၇ မှ) ■

## စိတ်ကျရောဂါကို ကုသခြင်း

စာရေးသူ = Craton Hightway

ထုတ်ဝေသူ = ရွက်စိမ်းစာပေ

တန်ဖိုး = ၂၅၀၀ ကျပ်




ညီထွန်းလင်း

စိတ်ရောဂါများ အကြောင်းနဲ့ ကုသခြင်းဆိုင်ရာ ဆောင်းပါးများကို စုစည်းထားတဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။ ဒီစာအုပ်မှာ သက်ငယ်မုဒိမ်း၏ နောက်ဆက်တွဲ စိတ်ဒဏ်ရာများ၊ ချစ်သူ့ပါဝါ၊ ကြင်နာသူ့အကြမ်းဖက်မှု၊ စကီဇိုဖရီးနီးယား၊ စည်းရုံးသိမ်းသွင်းခြင်းအတတ်၊ စိတ်ကျရောဂါ၊ စိတ်ကျရောဂါကို ကုသခြင်း၊ ဓားနဲ့ခြစ်လိုက်မည့်လက်ကို စကားစမြည်ပြောခြင်း၊ ဆန့်ကျင်ဘက်အပေါ် စွဲလမ်းမှု၊ ကလေးသူငယ်များ အပေါ် ကာမတိမ်းညွှတ်ခြင်း၊ စိတ်ပွားပုဂ္ဂိုလ်များ စတဲ့ စိတ်ရောဂါများ အကြောင်းကို ဖော်ပြထားပါတယ်။ အလွန်စိတ်ဝင်စားစရာ ကောင်းတဲ့ စိတ်ရောဂါများ အကြောင်းကို ဗဟုသုတ ရစေမယ့်စာအုပ်ဖြစ်ပါတယ်။

"အချစ်ရေးမှာလည်း အဲသလို ကိုယ့်ကိုအရေးမစိုက်၊ လျစ်လျူရှုပြီး၊ စိတ်ပိုင်းဆိုင်ရာ နာကျင်အောင်လုပ်တတ်သူကိုမှ တောင့်တတတ်ကြတယ်။ မသိစိတ်မှာ လိုအပ်နေတဲ့ ကွက်လပ်ကို ဒီလိုလူမျိုးတွေက ဖြည့်ဆည်း ပေးနိုင်တယ်လို့ ယူဆတတ်ကြတယ်။ အဲ့ဒီအခါ ကိုယ်နဲ့လုံးဝဆန့်ကျင်ဘက်ဖြစ်တဲ့လူကို ရှာကြတယ်။ ဆိုးမှန်း နာမှန်းသိရက်နဲ့လည်း မစွန့်လွှတ်နိုင်ဘူး။ တစ်ခါတလေ အသိစိတ်က ငြင်းဆန်နေပေမယ့်လည်း မသိစိတ်ထဲမှာ မေ့မရတာမျိုး၊ မရှောင်လွှဲနိုင်တာမျိုး ဖြစ်တတ်ကြတယ်။ အဲဒီအခါ ဒီသံသရာဝဲဂယက်ကနေ မထွက်နိုင်ကြဘူး။ ကွက်လပ်ဖြည့်ပေးမယ့်သူကို ဆက်တိုက်ရှာဖွေနေရင်း လိုက်ရင်းနဲ့ ဒီထဲမှာပဲ ကျွန်းမျောကြီးဖြစ်နေတတ်တယ်။

အဲသလို ဆန့်ကျင်ဘက်ကို စွဲလမ်းတတ်တာမျိုးကို စိတ်ပညာရှင်၊ စိတ်ကုထုံးပညာရှင် Ross Rosenberg က The Human Magent Syndrome လို့ခေါ်ပြီး အဲဒီနာမည်နဲ့ စာအုပ်ထုတ်ထားတာရှိတယ်။ တစ်ကိုယ်ကောင်းဆန်တတ်သူ၊ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ချုပ်ချယ်သူ၊ ကိုယ်ထိလက်ရောက် ကျူးလွန်တတ်သူတွေအပေါ် စွဲလမ်းတတ်တဲ့ စိတ်ဟာ အစပိုင်းမှာတော့ သာယာစရာ၊ ပျော်ရွှင်ကြည်နူးစရာလို့ထင်ရပေမဲ့ အချိန်ကြာလာတာနဲ့အမျှ ကိုယ့်ရဲ့ လူမှုဆက်ဆံရေးနဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အပေါ် ဆိုးရွားစွာ ထိခိုက်လာနိုင်တယ်။ ကိုယ်ချစ်လိုက်မိသူက အထက်မှာ ပြောခဲ့သလို narcissist တစ်ယောက်ဖြစ်နေမယ်၊ ကိုယ့်ကို အနိုင်ကျင့်ချုပ်ချယ်တတ်သူတစ်ယောက် ဖြစ်နေမယ်ဆိုရင် ဒါဟာ ကံဆိုးတယ်လို့တော့ ပြောလို့မရဘူး။ သူ့အပေါ် စွဲလမ်းသွားမိတဲ့ ကိုယ့်ရဲ့စိတ် အကြောင်းအရာတွေအပေါ် တည်မှီပြီးမှ ကိုယ့်ဘာသာကိုယ် ဒီလူ့ကိုချစ်ဖို့ လက်တွဲဖို့ ဆုံးဖြတ်တာဖြစ်တဲ့အတွက် ကိုယ့်လုပ်ရပ်နဲ့ကိုယ်ပဲ။ ကိုယ့်မှာသာတာဝန်ရှိတယ်။ ဒီတော့ သူ့ကိုပဲ ဆက်လိုက်နေမလား၊ ဆက်လက်သည်းခံပြီး သူ့အချုပ်အနှောင်ထဲမှာပဲ နေမလား ဆိုတာ ကိုယ်တိုင်ရွေးချယ်ရမှာပဲဖြစ်တယ်။ (စာ - ၁၁၂)

# မိဘမဲ့ ကလေးများအတွက် ကြိမ်၊ဝါးလက်မှု အတတ်ပညာ သင်ကြားပေး

ဧပြီ ၁

**မေ**တ္တာရိပ်မြုံ မိဘမဲ့ဂေဟာရှိ ကလေးများကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အသေးစားစက်မှုလက်မှုဦးစီးဌာနမှ ကြိမ်၊ဝါးလက်မှုထည်သင်တန်းကို ဧပြီ ၁ ရက်နေ့မှ စတင်ပြီး နှစ်ပတ်ကြာ အခမဲ့ သင်ကြားပေးနေကြောင်း သိရသည်။

ယင်းသင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်၊ အသေးစားစက်မှုလက်မှုဦးစီးဌာန ရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်သည်။

ကြိမ်၊ဝါး လက်မှုထည်သင်တန်းတွင် ခွက်၊ တူခွက်၊ လင်ပန်း၊ ခရား၊ ရေနွေးခွက်၊ ခြင်းတောင်း အစရှိသော ကြိမ်၊ဝါး လူသုံးကုန်ပစ္စည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပို့ချပေးခြင်းဖြင့် ကလေးများအတွက် ပညာရပ်များကို ပိုမိုသိရှိနိုင်စေရန်၊ ကလေးများ လိုအပ်နေသော ပညာရပ်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ ကိုယ့်အားကိုယ်ကိုးတတ်သော စိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်ကြောင်း ကလေးများ မေတ္တာရိပ်မြုံ မိဘမဲ့ဂေဟာမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂျာရာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"သူတို့ကို လမ်းပြရာရောက်တယ်။ ဝမ်းရေးအတွက် ဘယ်လိုလုပ်ကိုင်စားသောက်ရမလဲဆိုတာကို သိလာပါစေဆိုတဲ့ ရည်ရွယ်ချက် နောက်တစ်ခုက ကိုယ်လုပ်မှ ကိုယ်တိုင်စားရတယ်ဆိုတဲ့ အသိကို သိစေချင်တယ်"ဟု ၎င်းက ဆိုသည်။

ယခုကဲ့သို့ အသက်မွေးပညာသင်တန်း ပို့ချပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်လာခြင်း၊ မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေကို ပိုမိုတိုးပွားစေနိုင်ခြင်း၊ ပြန်လည်ထူထောင်ရေးလိုအပ်နေသောကလေးများအတွက် အကျိုးရှိနိုင်ရန် မျှော်လင့်ကြောင်း ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး၊ ဒုညွှန်ကြားရေးမှူး ဦးအောင်မောင်းက ပြောသည်။

"ကျွန်တော့်ဆီကို သင်တန်းပို့ချပေးဖို့ လာတောင်းတာမျိုးတွေရှိတယ်။ ဒါပေမဲ့ အခုလို မိဘမဲ့ကလေးတွေ၊ မိသားစုစားဝတ်နေရေး ခက်ခဲတဲ့သူတွေ၊ ဒုက္ခရောက်သူတွေကို အဓိကဦးစားပေးလုပ်ပေးတဲ့အတွက် အများကြီးအကျိုးရှိတယ်"ဟု ၎င်းက ဆိုသည်။

ကြိမ်၊ ဝါး လက်မှုထည်များသည် ပုံမှန်ဈေးကွက်ရောင်းအားရှိကြောင်း၊ ထို့အပြင် ပိုမိုခေတ်မီသော လူသုံးကုန်ပစ္စည်းများကိုလည်း တီထွင်ဖန်တီးနိုင်ကြောင်း၊ သင်တန်းပြီးဆုံး၍ ထုတ်ကုန်များအရည်အသွေး ပြည့်မီပါက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးမှုများကိုလည်း ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်းနှင့် အမှန်တကယ်စိတ်ဝင်စားသည့် သူများကိုလည်း ပိုမိုအဆင့်မြင့်သော နည်းပညာသင်တန်းများ ပို့ချပေးသွားရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ဦးအောင်မောင်းက ဆက်လက်ပြောသည်။

"အခုက ဟိုတယ်တွေ၊ မိုတယ်တွေများလာတော့ ဒီဘက် ကြိမ်၊ ဝါး လက်မှုထည်ကတော့ အမျိုးအစားအများကြီး တောင်းလာတယ်။ တောင်းတဲ့အခါကျတော့ တီထွင်နိုင်ရင် နိုင်သလို အမျိုးအစား အများကြီးထွက်လာနိုင်တယ်။

ကချင်ပြည်နယ်အသေးစား စက်မှုလက်မှုဦးစီးဌာနက ဒေသတွင်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားသောက်နိုင်ရန် ရည်ရွယ်၍ အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ အလှကုန် ထုတ်လုပ်မှုသင်တန်း၊ ရက်ကန်းသင်တန်း၊ ကြိမ်၊ဝါးလက်မှုထည် သင်တန်း အစရှိသော သင်တန်းများကို နှစ်စဉ်ပုံမှန်ပို့ချပေးလျက်ရှိသည်။ ■

Ann

မျိုးမြတ်မြတ်ပန် ရေးသားသည်

# ပေါ်တူဂီမျိုးနွယ်တို့၏ ရွှေညာမြေ သဘောသဘာဝ





**“ကျမရဲ့ အဖိုးအဖွားတွေရဲ့ အဖေ၊ အမေတွေက ပေါ်တူဂီမျိုးနွယ်တွေ ကျမတို့အထိ ပေါ်တူဂီမျိုးရောတယ်။ သားတွေသမီးတွေကတော့ ဘာသာမတူတဲ့ သူတွေနဲ့ အိမ်ထောင်ကျတော့ ပေါ်တူဂီမျိုးဆက်ပေမယ့် ဘာသာရောသွားတော့ မျက်လုံးက သိပ်မပြာကြတော့ဘူး”**

**စစ်**ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ကနေ (၇)မိုင်ခန့်ဝေးတဲ့ နဘက်ရွာရောက်တဲ့အခါ အညာမြေပေါ်ခြေချရတော့မယ်လို့ သတိပေးနေတဲ့ မကျည်းပင်နဲ့ တမာပင်တွေရဲ့ အုံ့အုံ့ဆိုင်းဆိုင်း အရိပ်ကြီးတွေက နေဒဏ်ကို ကာကွယ်ပေးထားပြီး အေးချမ်းတဲ့ ရွာလေးတစ်ရွာက ဧည့်ဝတ်ပျူငှာစွာနဲ့ ဆီးကြိုနေမှာပါ။

အရိပ်အာဝါသကို ပေးတဲ့ အပင်ကြီးတွေကို ရိုက်ခတ်ပြီး သယ်ဆောင်လာတဲ့ ထနောင်းပင်က အပွင့်လေးတွေရဲ့ ရနံ့ကလည်း အညာမြေရဲ့ ဆွဲဆောင်မှုအရှိဆုံး သဘာဝအမွှေးရနံ့ပဲ ဖြစ်ပါတယ် တစ်မူထူးခြားတဲ့ နှစ်ရှည်ပင်တွေရဲ့ အရိပ်အာဝါသနှင့် သဘာဝရဲ့ မွှေးရနံ့တွေနဲ့ ရင်းနှီးကျွမ်းဝင်စွာ ကြီးပြင်းလာသူတွေကတော့ ဘိုးဘွား/ဘီဘင်တွေဆီက အမွေဆက်ခံထားတဲ့ ပေါ်တူဂီမျိုးနွယ်ဝင်တွေပဲ ဖြစ်ပါတယ်။

အရပ်(၆)ပေ ဝန်းကျင်၊ မျက်ခုံးမွှေး မထူပေမယ့် ဂငယ်ပုံသဏ္ဍာန် မျက်ခုံးကုပ်ကုပ် ပါးနှစ်ဖက်မှာ သကော်တလို အရေးအကြောင်းတွေက အသက်(၆၀)ဝန်းကျင်ရှိပြီလို့ ဖော်ညွှန်းပြနေပေမယ့် ကိုယ်ဟန်အနေအထားကတော့ ဆယ်ကျော်သက်လူငယ်လို လျင်မြန်ဖျတ်လတ်နေဆဲ ဖြစ်တဲ့ ပေါ်တူဂီမျိုးနွယ်ဝင် မယ်ရီနဲ့ တွေ့ဆုံခဲ့ပါတယ်။ ပေါ်တူဂီမျိုးနွယ်တွေဟာ အများအားဖြင့် မျက်ခုံးမွှေးထူထူ၊ အရပ်ရှည်ပြီး သူတို့ရဲ့ မျက်လုံးတွေဟာ အပြာရောင်ရှိကြပါတယ်။

“ကျမရဲ့ အဖိုးအဖွားတွေရဲ့ အဖေအမေတွေက ပေါ်တူဂီမျိုးနွယ်တွေ ကျမတို့အထိ ပေါ်တူဂီမျိုး ရောတယ်။ သားတွေသမီးတွေကတော့ ဘာသာမတူတဲ့ သူတွေနဲ့ အိမ်ထောင်ကျတော့ ပေါ်တူဂီမျိုးဆက်ပေမယ့် ဘာသာရောသွားတော့ မျက်လုံးက သိပ်မပြာကြတော့ဘူး”လို့ မဖြေခင်မှာ စီးလာတဲ့ သရေစိမ်းဖိနပ်အပါးကို ချွတ်ပြီး ပေါ်တူဂီမျိုးနွယ်တွေမှာ မျက်လုံးပြာသူ ရှားလာတဲ့အကြောင်း ပေါ်တူဂီမျိုးနွယ်ဝင် မယ်ရီက ပြောပါတယ်။

“ကိုးကွယ်တာကတော့ ခရစ်ယာန်ဘာသာပဲ။ ပေါ်တူဂီမျိုးနွယ်ဝင်ဆိုတာ အမေကပြောမှ သိတာ။ ဘိုးဘွားတွေကို မမီတော့ မသိဘူး။ ပေါ်တူဂီမျိုးနွယ်ဝင်ဆို ဘယ်လို ဓလေ့/ထုံးစံတွေ ရှိတယ်ဆိုတာတော့ မမီလို့ မသိဘူး။ အမေလည်း ဘာမှမပြောခဲ့ဘူး”ဟု အညာမြေတွင် ကြီးပြင်းလာသူ မယ်ရီက ဆက်လက်ပြောပြခဲ့တာပါ။

လွန်ခဲ့တဲ့ နှစ်ပေါင်း၄၀၀ ခန့်က ဥရောပတိုက်က ပေါ်တူဂီလူမျိုးတွေဟာ ရခိုင်ကမ်းမြောင်ဒေသ၊ ပဲခူး၊ ဟသာဝတီ၊ မုတ္တမ အစရှိတဲ့ မြို့တွေကို သွားရောက်ပြီး ကူးသန်းရောင်းဝယ်ရေး ပြုလုပ်ကြသလို တချို့တွေကတော့ ရခိုင်ဘုရင် မင်းတင်၊ တောင်ငူဘုရင် တပင်ရွှေထီးနဲ့ ဘုရင့်နောင်တို့ထံမှာ မင်းမှုထမ်းခဲ့ကြပါတယ်။

(၁၇)ရာစု အစောပိုင်းကာလမှာ ပေါ်တူဂီလူမျိုး ဇေကာ်က ရခိုင်ဘုရင်ထံမှာ ဝင်ရောက် စစ်မှုထမ်းခဲ့ပြီး သံလျင်ကို တိုက်ခိုက်အောင်မြင်တဲ့အခါ ရခိုင်ဘုရင်က ဇေကာ်ကို သံလျင်ကို အုပ်ချုပ်ခွင့် ပေးခဲ့ပါတယ်။ ဇေကာ် တောင်ငူကို တိုက်ခိုက်ပြီး နတ်သျှင်နောင်ကို သံလျင်ကို ခေါ်ဆောင်သွားချိန်မှာတော့ အင်းဝဘုရင် အနောက်ဘက်လွန်မင်းက စစ်သည်ဗိုလ်ပါတွေနဲ့ သံလျင်မြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ အဲ့ဒီနောက် ဇေကာ်ကို ကွပ်မျက်ခဲ့ပြီး ၎င်းရဲ့ ဆွေမျိုးတွေကို ဖမ်းဆီးကာ မြန်မာဘုရင်မင်းတွေ နန်းစိုက်ခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နဲ့ (၇)မိုင်ဝေးတဲ့ နဘက်ကျေးရွာအုပ်စု ဘုရင်ဂျီရွာမှာ နေထိုင်စေခဲ့တာ ဖြစ်တယ်လို့ ခရစ်ယာန်ဘုရားရှိခိုင်းကျောင်း အကျိုးဆောင်က ပြောပါတယ်။

ဘုရင်ဂျီရွာရဲ့ အဝင်လမ်းက ဖုန်တွေတလိမ့်လိမ့်ထနေတဲ့လမ်း ဖြစ်ပေမယ့် လမ်းဘေးဝဲယာတစ်လျှောက်မှာ သက်တမ်းရင့် သစ်ပင်အိုကြီးတွေရဲ့ အရိပ်တွေကြောင့် နေရဲ့ ပူပြင်းတဲ့ဒဏ်ကို မေ့လျော့စေပါတယ်။

“ပေါ်တူဂီ မျိုးနွယ်ဝင်တွေ နေနေတဲ့ ဘုရင်ဂျီရွာဆိုရင် ဖာရင်ဂီ ပါရှန်းဘာသာစကားက ဆင်းသက်လာတာဖြစ်တယ်။ လူမျိုးခြားလို့ အဓိပ္ပါယ်ရပါတယ်”ဟု ခရစ်ယာန် ဘုရားရှိခိုးကျောင်း၏ အကျိုးဆောင် ဦးသိန်းရွှေက ပေါ်တူဂီမျိုးနွယ် သမိုင်းကြောင်းကို ပြောပြခဲ့ပါတယ်။

နဘက်ကျေးရွာအုပ်စုမှာ ကျေးရွာ(၃)ခုရှိပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများကို နဘက်(ရွာမ)နှင့် နဘက်ရွာသစ်တွင် နေထိုင်စေကာ ခရစ်ယာန်ဘာသာ ကိုးကွယ်သူတွေကို နဘက်(ဘုရင်ဂျီ)ရွာမှာ နေထိုင်စေတဲ့အကြောင်း သံယောဟန်ဗတ္တစ္စတား ဘုရားရှိခိုးကျောင်းရဲ့ အကျိုးဆောင် ဦးသိန်းရွှေက ပြောပါတယ်။

“ကျွန်တော်တို့က ဘာသာရေး မခွဲခြားဘူး။ လူမျိုးရေးမခွဲခြားဘူး။ ပေါ်တူဂီမျိုးနွယ်တွေကိုက ဟိုးရှေးနှစ်၄၀၀ ကျော်ကတည်းက နေရာချထားပြီး နေထိုင်နေတာကြောင့် သူတို့တစ်ရွာသပ်သပ်၊ ဗုဒ္ဓဘာသာဝင်က တစ်ရွာသပ်သပ်လို ဖြစ်နေတာပါ”ဟု ခရစ်ယာန်ဘုရားရှိခိုးကျောင်း အကျိုးဆောင် ဦးသိန်းရွှေက ပြောပါတယ်။

ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ ဗမာလူမျိုးတွေ နေထိုင်ရာကျေးရွာအုပ်စုမှာ အိမ်ထောင်စု(၄ထောင်)ကျော် ရှိပြီး ပေါ်တူဂီမျိုးနွယ်တွေ နေထိုင်ရာ ဘုရင်ဂျီကျေးရွာမှာ အိမ်ခြေ(၁၃၀)ကျော်၊ လူဦးရေ(၅၀၀)ခန့် နေထိုင်ကြပါတယ်။

“ကျွန်တော်တို့ဆီမှာက ဘာသာရေး ပဋိပက္ခမရှိဘူး ပြဿနာဖြစ်တယ်ဆိုတာ ခပ်ရှားရှားပဲ။ လူငယ်သဘာဝ ဘောလုံးကန်၊ ခြင်းခတ်ရင်းရန်ဖြစ်တာရှိတယ်။ အဲ့ဒါကလည်း ခဏပဲ ဘာပြဿနာမှမရှိဘူး လူတိုင်းကို ချစ်ခြင်းမေတ္တာနဲ့ပဲ တုံ့ပြန်တဲ့အခါကြတော့ ပြဿနာရယ်လို့ မရှိဘူး။ ရပ်ကွက်ရုံးတွေ ဘာတွေမှာလည်း အမှုက မရှိသလောက်ရှားတယ်”ဟု နဘက်ရွာတာဝန်ခံ ဗုဒ္ဓဘာသာကိုးကွယ်သူ ဗမာတိုင်းရင်းသား ဦးမင်းသိန်းကျော်က ပြောပါတယ်။

ပေါ်တူဂီ မျိုးနွယ်တွေဟာ ဧပြီလမှာ ရေကစားခြင်း၊ နှိဝင်ဘာလတွင် သီတင်းကျွတ်ကာလမှာ မီးထွန်းခြင်းနဲ့ လပြည့်နေ့ အလှူပွဲတွေမှာလည်း ပါဝင်ဆင်နွှဲလေ့ ရှိကြပါတယ်။

“ဗုဒ္ဓဘာသာပွဲတော် ဖြစ်တဲ့ မြသိန်းတန် ဘုရားကြီးက ရက်နှစ်ဆယ်လောက်တော့ ပွဲကျင်းပတယ်။ အားလုံးလှူကြတန်းကြတယ်။ ခရစ်စမတ်ပွဲတော် ကျရင်လည်း ဗုဒ္ဓဘာသာ ဘုန်းကြီးတွေကို ဖိတ်ပြီး ဆွမ်းကျွေးတာတွေလည်း ရှိတယ်။ အဓိက ကမေတ္တာပါပဲ။ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာထားဖို့ပါပဲ”လို့ အောင်မြေဘုံသာကျောင်းတိုက်က သက်တော်(၈၃)နှစ်၊ ဝါတော်(၂၅)ဝါ ဦးခေမာဝုဓက အခုလို မိန့်ကြားခဲ့ပါတယ်။

ဘုရင်ဂျီကျေးရွာမှာ နေထိုင်ကြတဲ့ ပေါ်တူဂီမျိုးနွယ်တွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကုန်ရောင်း ကုန်ဝယ် လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။

အသက်(၆၀) အရွယ် ခရစ်ယာန်ဘာသာ ကိုးကွယ်တဲ့ မယ်ရီတစ်ယောက်ကတော့ ကုန်စိမ်းရောင်းပါတယ်။

လက်ဝါးကပ်တိုင်ကို မိုးကောင်းကင်ထိလုနီးနီး အနီရောင် အဆောက်အဦးနဲ့ ဦးမော့ထားတာဟာ ဘုရင်ဂျီရွာအတွင်း တည်ဆောက်ထားတဲ့ “သံယောဟန်ဗတ္တစ္စတား” ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဖြစ်ပါတယ်။

အဆိုပါ ခရစ်ယာန်ဘုရားရှိခိုင်းကျောင်း၏ နောက်ကျောရွာလမ်းခြား ညာဘက်ခြမ်းတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းလည်း တည်ရှိနေပါတယ်။

“တနင်္ဂနွေဆို ဘုရားကျောင်းတက်တယ်။ ဗုဒ္ဓဘာသာအလှူအတန်းတွေ ရှိရင် လှူတယ်၊ တန်းတယ်။ အလှူအိမ်သွားတယ်၊ စားတယ်။ နောက်ဆက်တွဲ အရာတွေ ဘာမှ မတွေးဘူး။ လူကလူပဲပေါ့”လို့ ခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း ထင်းခုတ်နေတဲ့ အသက်(၅၀)ဝန်းကျင် ခရစ်ယာန်ဘာသာကိုးကွယ်သူတစ်ဦးက ပြောပါတယ်။

နဘက်ကျေးရွာအုပ်စုအတွင်းမှာ ဗုဒ္ဓဘာသာကိုးကွယ်သူတွေဟာ ကျေးရွာသပ်သပ်၊ ခရစ်ယာန်ဘာသာကိုးကွယ်သူတွေဟာ ကျေးရွာသပ်သပ် နေထိုင်ကြပေမယ့်လည်း အရေးကြီးရင် သွေးနီးတယ် ဆိုသလို အချင်းချင်း ရိုင်းပင်းကူညီပြီး နေထိုင်ကြတဲ့ အညာမြေပေါ်က ဓလေ့စရိုက်လေးတွေ ဖြစ်ပါတယ်။ ■

# ခမ်းဘူခတံတား အမြန်ဆုံး ဆောက်လုပ်ပေးစေလို

မတ်လ ၈

**ဝိုင်း**မော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စု၊ ခမ်းဘူကျေးရွာတွင် မိုးတွင်းကာလ ခမ်းဘူအထက်ပိုင်း ဒေသခံရွာသူ/သားများ သွားလာရေး လွယ်ကူစေရန် ခမ်းဘူခတံတားကို အမြန်ဆုံး ဆောက်လုပ်ပေးရန် လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

ခမ်းဘူခချောင်း သည် တောင်ကျချောင်းရေ ဖြစ်သောကြောင့် မိုးတွင်းကာလတွင် ရေကြီးရေလျှံမှုများ ရှိကြောင်း၊ မိုးတွင်းကာလ တံတားမရှိလျှင် ကလေးများ ကျောင်း သွားလာရေးတွင် အခက်အခဲရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတန်ဂွန်းက ပြောသည်။

"မိုးတွင်းဆိုရင် နှစ်တိုင်း ရေကြီးတယ်။ ရေစီးသန်ပြီး သစ်တုံး အကြီးတွေတောင် မျှောတယ်။ ကလေးတွေပဲ မဟုတ်ဘူး။ ရွာသားတွေအကုန် သွားလာရေး အရမ်းခက်ခဲတယ်"ဟု ဦးတန်ဂွန်းက ဆိုသည်။

လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် မတ်လခန့်က ဂရိတ်ဝေါ ကုမ္ပဏီနှင့် ငွေထုဌာနေပြည်သူ့စစ်များက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးမည်ဟုဆိုကာ ဝင်ရောက်လာခဲ့သော်လည်း ဒေသအတွင်း ရွှေတူးဖော်ရန် စီစဉ်လာမှုကြောင့် ဒေသခံများက လမ်း၊တံတားများပြုလုပ်ပေးရန် ကုမ္ပဏီနှင့် ဆွေးနွေးကာ စာချုပ် ချုပ်ဆိုခဲ့ပြီး ၂၀၁၈ ဒီဇင်ဘာလခန့်မှ စတင်ကာ ခမ်းဘူခချောင်း ကွန်ကရစ်တံတား ပြုလုပ်ပေးခဲ့သော်လည်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ခြင်း မရှိသောကြောင့် ဒေသခံများအတွက် အခက်အခဲရှိနေကြောင်း ဦးတန်ဂွန်းက ဆက်လက်ပြောသည်။

"လမ်းတွေကတော့ အနည်းအကျဉ်း လုပ်ပေးသွားတယ်။ နောက်ပိုင်း သူတို့ လုပ်ငန်းရပ်ဆိုင်းလိုက်တယ်ဆိုတော့ တံတားကိုကျတော့ မပြီးသေးဘဲ ဒီလိုထားထားခဲ့တယ်"ဟု ၎င်းက ဆိုသည်။

ဂရိတ်ဝေါ ကုမ္ပဏီသည် ၂၀၁၇ခုနှစ် ဒီဇင်ဘာလကုန်လောက်မှ ဝင်ရောက်ခဲ့ရာ ၂၀၁၈ ဇန်နဝါရီခန့်မှ စတင်ပြီး သဲကျောက်လုပ်ငန်းစတင်ခဲ့ကြောင်း၊ လအနည်းငယ် လုပ်ကိုင်အပြီးတွင် ဒေသခံများ၏ ကန့်ကွက်မှုကြောင့် လုပ်ငန်းပြန်လည်ရပ်တန့်ခဲ့ရကြောင်း၊ လုပ်ငန်းသက်တမ်း ပြန်လည်တိုးရန် ဒေသခံများမှ ထောက်ခံချက် မရရှိသောကြောင့် တံတားကို ပြီးစီးအောင် ဆောက်လုပ်ရန် အဆင်မပြေဖြစ်သွားကြောင်းဂရိတ်ဝေါကုမ္ပဏီပိုင်ရှင် ကျန်းယိန်းက ပြောသည်။

"နောင်တာလောက သူတွေလည်း ကန့်ကွက်ကြတယ်။ ကန့်ကွက်တယ်ဆိုတာ သူတို့လမ်းက ကျဉ်းတဲ့အပြင် တစ်ခုတည်းရှိတဲ့လမ်းမှာ သဲကျောက်ကားတွေ အများကြီးဖြတ်တော့ ကန့်ကွက်ကြတယ်"ဟု ၎င်းက ပြောသည်။

ကုမ္ပဏီ မဝင်ရောက်လာခင်က ကျေးရွာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဝါးတံတားတစ်စင်း ပြုလုပ်ထားစဉ်က ရွာသားများအတွက် သွားလာရေး အခက်အခဲမရှိခဲ့ကြောင်း၊ တံတားသစ်ဆောက်လုပ်ရန် ဝါးတံတား ဖျက်လိုက်သော်လည်း တံတားသစ် ပြီးစီးမှုမရှိခြင်းကြောင့် မိုးတွင်းကာလရေကြီးချိန်တွင် ဒေသခံများ အခက်အခဲရှိနေကြောင်း အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။

"အရင်ကတော့ ဝါးတံတားလေးတစ်ခု ရှိတယ်။ အခု အဲ့ဒါလည်း မရှိတော့ဘူး။ တံတားသစ်ကလည်း မပြီးဘဲ ဒီအတိုင်းထားထားတော့ ရေကြီးတဲ့အချိန် သွားလာဖို့ တအားခက်ခဲတယ်"ဟု အဆိုပါ ဒေသခံက ပြောသည်။

ရေကြီးချိန်တွင် ခမ်းဘူအထက်ပိုင်းရွာရှိ ကလေးများ ကျောင်းသွားလာရေး ခက်ခဲသောကြောင့် ကျောင်းရှိရာ တစ်ဖက်ကမ်းရွာရှိ အမျိုးအိမ်များတွင်သာ သွားရောက်နေထိုင်ရကြောင်း ကလေးမိခင်တစ်ဦး ဖြစ်သူ ဒေါ်ထုဆန့်က ပြောသည်။

"ကျွန်မကလေး ဆိုရင် ကျောင်းဖွင့်ရင် ဟိုဘက်ကမ်းမှာပဲ သွားထားရတယ်။ ကျောင်းပို့/ကြို တအားခက်ခဲလို့လေ"ဟု ၎င်းက ပြောသည်။

ရွာအတွင်း လိုအပ်ချက်များရှိသော်လည်း လက်တလောတွင် တံတားရရှိရေးအတွက် ပိုမိုလိုအပ်နေကြောင်း ဒေသခံ ဦးနော်အောန်က ပြောသည်။

"ပိုခက်ခဲနေတာတော့ ဒီတံတားပေါ့။ ကျောင်းဖွင့်ချိန် မိုးတွင်းကာလဆိုရင် ကလေးတွေ ကျောင်းသွားဖို့ အရမ်းခက်ခဲတယ်။ ဒီလိုခက်တာကြောင့် မိဘတွေက နေ့တိုင်း အကြို၊အပို့ လုပ်နေကြရတယ်"ဟု ဒေသခံဦးနော်အောန်က ပြောသည်။

ခမ်းဘူကျေးရွာ သည် အိမ်ခြေ ၁၁၆ ရှိပြီး၊ လူဦးရေ ၇၀၀ ဝန်းကျင်ရှိကြောင်းလည်း သိရသည်။ ■

Ann/
Myu Myat Myat Pan

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Security Guard**

**Reference Number: ADMIN_MYI_2019004**

**To be based in Myitkyina** with frequent travel to Kachin State.

**Duties and Responsibilities**

- You will apply the established security rules at all times.
- You will ensure to welcome screen, report/record and announce all visitors and vehicles arriving at the assigned premises.
- You will perform to dispatch outgoing and incoming parcels, bags or luggage and documents it in logbook.
- As part of your responsibility, you will clean the immediate area of the gates and the outside area of residences on a regular basis as appropriate.
- You will ensure that the building/compound is free from potential security hazards (fire, thefts, floods) by regularly checking doors and windows and patrolling.
- You will operate the generator and water pump and respect rules for their usage.
- You will make sure that the guard post is not left unattended (i.e. does not leave the post until the guard on the next shift has arrived) and ensure proper handover to the next shift.
- Furthermore, you will immediately report any problem/incident or anything suspicious to your supervisor and record any event in the log book.

**Required profile**

- It is required to have primary school level degree
- You should have at least 2 years' work experience in a relevant field.
- You should be a stable and robust character, and a good team player.
- You should have fair communication skills in written and spoken English and Myanmar language. The knowledge of local dialects spoken in Myitkyina area is a definite asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **12 April 2019**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:

**yan_hr_recruitment_services@icrc.org**

ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon

Or

**Aye Aye Khaing**
ICRC Sub Delegation Myitkyina- Human Resources Department
No.448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

# အမျိုးသမီးရော အမျိုးသားတွေပါ အဖြစ်များနေတဲ့ ရင်သားကင်ဆာ အကြောင်း သိကောင်းစရာ

**အ**မျိုးသမီးတွေမှာသာ အဖြစ်များတဲ့ ရင်သားကင်ဆာရောဂါဟာ ကင်ဆာရောဂါအားလုံးရဲ့ ဒုတိယအဖြစ် အများဆုံးကင်ဆာအမျိုးအစားဖြစ်တယ်လို့ ၂၀၁၂ ကမ္ဘာ့ကင်ဆာရောဂါ သုတေသနအဖွဲ့ရဲ့ စစ်တမ်းအရ သိရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာသာ ပိုမိုအဖြစ်များတဲ့ ကင်ဆာရောဂါဟာ နောက်ပိုင်း မြန်မာနိုင်ငံမှာလည်း ဖြစ်ပွားမှု ပိုမိုများပြားလာပါတယ်။ ဒီအပတ်မှာတော့ အရွယ်ရောက်တဲ့ အမျိုးသမီးတွေကို ခြိမ်းခြောက်နေတဲ့ ရင်သားကင်ဆာနဲ့ ပတ်သက်တဲ့ အကြောင်းအရာ အပြည့်အစုံကို မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီး ပြည်နယ်ကင်ဆာအထူးကု ဆရာဝန်ကြီး ဒေါက်တာနေဘ်ထန်အောင်နဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။



### ဆရာ ကင်ဆာရောဂါဆိုတာ ဘယ်လို ရောဂါပါလဲ။

ကင်ဆာဆိုတဲ့ဟာက မကူးစက်တဲ့ရောဂါ ဖြစ်တယ်။ ကူးစက်တဲ့ဟာတော့ မဟုတ်ဘူး။ ကင်ဆာရောဂါဆိုတာ ရောဂါအုပ်စုပေါင်းများစွာကို စုစည်းပြီး ခေါ်ဆိုတာဖြစ်တယ်။ အဲ့ဒီဟာက ခန္ဓာကိုယ်ရဲ့ ဘယ်အစိတ်အပိုင်းမှာမဆို ဖြစ်နိုင်တယ်။ သူက ပုံမှန်မဟုတ်တဲ့ ဆဲလ်တွေ သာမန်ထက်ပိုပြီး လျှင်မြန်စွာ ဖြစ်ပေါ်ကြီးထွားလာတယ်။ အဲ့ဒီ ကင်ဆာဆဲလ်တွေက ကပ်ပြီးရှိနေတဲ့ အခြားခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ပျံ့နှံ့သွားတယ်။

### ဒီရောဂါက ဘယ်လိုအကြောင်းရင်းတွေကြောင့် ဖြစ်လာရတာလဲ။

သူက မျိုးရိုးလိုက်တာကြောင့်လည်း ဖြစ်နိုင်တယ်။ မျိုးရိုးလိုက်တာက အကုန်လုံးတော့ မဖြစ်ဘူး။ ၁၀ ရာခိုင်နှုန်းလောက် ဖြစ်နိုင်တယ်။ ပြီးတော့ ဝလာလို့ ကိုယ်လက်လှုပ်ရှားမှု မရှိတာတို့။ သွေးဆုံးတဲ့ သူတွေက ပိုအဖြစ်များတယ်။ အသက်အရွယ်အရဆိုရင် ၅၀ ပတ်ဝန်းကျင်၊ ၅၀ နောက်ပိုင်းတွေ ပိုအဖြစ်များတာပေါ့။ တချို့က ပတ်ဝန်းကျင်ကြောင့်လည်း ဖြစ်တယ်။ ပြုမှုစားသောက် နေထိုင်တာ၊ အစားသောက်တွေ၊ ပြောရမယ်ဆိုရင် အကင်စားတာတို့ ပြုပြင်ထားတဲ့ အစားအစာတွေ စားတာပေါ့။ ကိုယ်လက်လှုပ်ရှားမှု မရှိတော့ အဝလွန်တာတို့ပေါ့။ လိင်ပိုင်းဆိုင်ရာ ထိန်းချုပ်မှုမရှိတာတို့။ အဓိကကတော့ ကိုယ်ရဲ့ နေထိုင်မှုဘဝကြောင့် ကင်ဆာဖြစ်တာပေါ့။ အသေးစိတ် ဆိုလို့ရှိရင် ဆဲလ်တွေက ပြောင်းသွားတာပေါ့။ ပုံမှန်အားဖြင့်ဆိုရင်တော့ အသစ်ပြန်ပေါ်လိုက်။ အဟောင်းတွေကနေ အသစ်ပြန်ပေါ်လိုက်ပေါ့။ ကင်ဆာဖြစ်ပြီဆိုရင် ဆဲလ်ထဲမှာ သူက ဓျူကလိယက်ဆိုတာရှိတယ်။ အဲ့ဒီမှာ ဒီအန်အေရှိတယ်။ ဒီအန်အေက ဖျက်ဆီးသွားတယ်။ ပုံမှန်အားဖြင့် ဆိုရင် ဆဲလ်တွေက P53 ဆိုတာရှိတယ်။ P53 ကနေပြီးတော့ ဆဲလ်တွေပျက်စီးသွားတာကိုပြန်ပြင်ပေးတာ။ ဆဲလ်ပွားနေတဲ့ဟာပေါ့။ အဓိကကတော့ P53 ပျက်သွားတာပေါ့လေ။ အဲ့ဒီဟာပျက်သွားတဲ့ အခါမှာ ဆဲလ်တွေရဲ့ ဖြစ်တည်ပုံကို မထိန်းချုပ်နိုင်တဲ့ အခါမှာကျတော့ ကင်ဆာဖြစ်ပေါ်လာတာပေါ့။ အများဆုံး ဘယ်လိုလူတွေမှာ အဖြစ်များလဲ။ ရင်သားကင်ဆာက မျိုးရိုးလိုက်ပြီးလည်း ဖြစ်တတ်တယ်။ အသက် ၁၂နှစ်မတိုင်ခင် စောစီးစွာ ရာသီစလာတဲ့ သူတွေ၊ အသက် ၅၅နှစ် နောက်ပိုင်းမှ သွေးဆုံးတဲ့သူ၊ အမျိုးသမီး ဟော်မုန်းတွေကို (၅)နှစ်အထက် အသုံးပြုဖူးသူ၊ ကိုယ်အလေးချိန်များလွန်းတဲ့သူ၊ အဝလွန်တဲ့သူ၊ ဆေးလိပ်သောက်သုံးသူတွေမှာ ပိုပြီး အဖြစ်များပါတယ်။ ပြီးတော့ တားဆေးသုံးတဲ့သူတွေနဲ့ နို့မတိုက်တဲ့ မိခင်တွေ၊ ကလေးမမွေးတဲ့ အပျိုကြီးတွေမှာလည်း အဖြစ်များတယ်။ နောက်ပြီးတော့ ယောကျ်ားတွေမှာလည်း ဖြစ်တတ်တယ်။ ယောကျ်ားတွေမှာတော့ တစ်ရာခိုင်နှုန်းလောက်ပဲ ဖြစ်ပါတယ်။ အသက်ကြီးတဲ့သူတွေ ဖြစ်သလို အသက်ငယ်တဲ့ သူတွေမှာလည်း ဖြစ်တယ်။

### အမျိုးသားတွေမှာလည်း ဖြစ်တယ်ဆိုတော့ ဘယ်လိုကြောင့်ဆိုတာ ရှင်းပြပေးပါဦး။

အမျိုးသားတွေလည်း ဟော်မုန်းကြောင့် ဖြစ်တယ်လေ။ အမျိုးသမီးတွေမှာလည်း ရှိတယ်။ နည်းတာ၊ များတာပဲ ကွာတယ်။ ဘယ်လို အမျိုးသားတွေမှာ ပိုအဖြစ်များလဲ ဆိုတော့။ သူတို့မှာ မျိုးရိုးလိုက်တဲ့ ဆင်တုံးဆိုတာရှိတယ်။ အမျိုးသားတွေက အသဲရောဂါဖြစ်တဲ့ သူတွေ။ အသဲခြောက်တဲ့ သူတွေက ပိုအဖြစ်များတယ်။ အသဲနဲ့ ဆက်စပ်နေတာပေါ့လေ။

### ရင်သားကင်ဆာ ဖြစ်ပြီဆိုရင် ဘယ်လိုလက္ခဏာတွေ စတင်ဖြစ်ပေါ်လာလဲ။

နို့သီးခေါင်းအရေပြားနဲ့ ရင်သားအပေါ်ယံ အရေပြားတို့ အရေခွံကွာကျခြင်း၊ အရေပြားယောင်ရမ်းခြင်း၊ အရောင်ပြောင်းလာခြင်း၊ အရေခွံ ပတ်ကြားအက်ခြင်း၊ ရင်သားအရောင်နီရဲလာခြင်း၊ နို့သီးခေါင်းမှ သွေးစက်ကျခြင်း၊ ရင်သားအရွယ်အစားနဲ့ ပုံစံသိသိသာသာ ပြောင်းလဲသွားခြင်း၊ ရင်သားအရေပြားတို့ တင်းရင်းမနေဘဲ လိမ္မော်သီးအခွံကဲ့သို့ ပုံသဏ္ဍာန်မမှန် ဖောင်းကြွခြင်း(သို့) ချိုင့်ဝင်သွားခြင်း။ နို့သီးခေါင်းမှာ အဖုအပိန့်တွေ ထွက်တာ၊ ရင်သားထဲမှာ ငြိမ်နေ(မရွေ့လျား)တဲ့ အကျိတ် တည်လာမယ်။ ရာသီလာတဲ့အခါ ကာလမဟုတ်ဘဲ ချိုင်းကြားနဲ့ ရင်သားတွေမှာ နာကျင်လာမယ်။ ရင်သားနဲ့ ချိုင်းက ဆက်စပ်နေတယ်။ ဆိုတော့ ရင်သားမှာ မဟုတ်ဘဲနဲ့ ချိုင်းကြားမှာ အကျိတ်တည်လာမယ်။ ရင်သားတစ်ရှုးတွေ ထူထဲပြီးတော့ မာတင်းတင်း ဖြစ်လာမယ်။ နေထိုင်ရ ခက်ခဲတာတို့ ဖြစ်လာနိုင်တယ်။ အသက် ၄၀ ကျော်လာလေလေ ရင်သားကင်ဆာ ဖြစ်ပွားနိုင်မှု များလာလေလေပဲ။ စောစောသိရင်တော့ ကုသအောင်မြင်နိုင်ပါတယ်။

### ကိုယ်ကိုယ်တိုင်ရော စမ်းသပ်ပြီးတော့ ရောဂါစဖြစ်ပြီဆိုတာ သိနိုင်လား။

ဆိုတော့ ပထမတော့ သူက စမ်းကြည့်တယ်။ ပြောရမယ်ဆိုရင် Screening လို့ခေါ်တာပေါ့။ သူက စမ်းလိုက်လို့ရှိရင် လက္ခဏာမပေါ်သေးဘူး။ ဒါပေမဲ့ စမ်းလိုက်လို့ရှိရင် ကင်ဆာဖြစ်တယ်ဆိုတာ သိတယ်။ ကင်ဆာတော့ရှိတယ်၊ သူက မသိသေးဘူး။ ရင်သားကင်ဆာက မျိုးရိုးလိုက်တယ်လေ။ မျိုးရိုးဗီဇကို စစ်လိုက်လို့ရှိရင် သိနိုင်တယ်။ ဘာမှတောင် အလုံးအကျိတ်မပေါ်သေးပေမယ့် စစ်လိုက်ကြည့်လိုက်တဲ့အခါ ဖြစ်နေတာတွေ တွေ့ရတယ်။ ပြီးတော့ ရင်သားဓာတ်မှန် ရိုက်တာတို့ရော ရှိတယ်။ အခု ဒီမှာလည်း လုပ်လို့ရပြီ။ အခု စမ်းရင်တော့ မပေါ်သေးဘူး။ ဒါပေမဲ့ ရင်သားဓာတ်မှန်မှာ ရိုက်ရင်တော့ ပေါ်တာတွေ ရှိတယ်။ ကြိုသိလို့ရှိရင် ကိုယ်က ကြိုလုပ်စရာရှိတာ လုပ်လို့ရတာပေါ့။ အလုံးပေါ်လာရင်တော့ သိပြီးပေါ့။ ကိုယ်ကလည်း လက်ဖဝါးတွေနဲ့ စမ်းကြည့်ရမယ်။ စမ်းလို့ရှိရင် အလုံးပေါ်လာလို့ရှိရင်တော့ ဒီ စက်ပစ္စည်းနဲ့ စမ်းသပ်လိုက်ရင်တော့ပိုပြီး သိသာတာပေါ့။ တချို့က ရင်သားမှာ မပေါ်ဘူး။ ချိုင်းနဲ့ ရင်သားက ဆက်စပ်မှုရှိတယ်။ တချို့က ရင်သားမှာ ဘာမှ မဖြစ်ရင်လည်း ချိုင်းမှာ အကျိတ်သွားဖြစ်တာပေါ့။ ဒါပေမဲ့ အကျိတ်ရှိတိုင်းလည်း ကင်ဆာတော့မဟုတ်ဘူး။ ရင်သား အကျိတ်ရှိတာကတော့ တစ်ပိုင်းပေါ့။ ပြီးတော့ နို့သီးခေါင်း ချိုင့်ဝင်တယ်။ နို့သီးခေါင်းကနေ အရည်တွေထွက်တယ်။ သွေးတွေ ထွက်တယ်။ ပုံစံချင်းလည်း မတူတော့ဘူး။ ဒီဘက်နို့သီးနဲ့ ဟိုဘက်နို့သီးက တစ်ပြေးညီမရှိတော့တာ အဲ့လိုမျိုးတွေ ဖြစ်နိုင်တယ်။

### ရောဂါဖြစ်ပြီဆိုရင် နောက်ဆက်တွဲရော ဘယ်လိုတွေ ဖြစ်နိုင်လဲ။

နောက် အနာတွေ ဖြစ်နိုင်တယ်။ ပိုဆိုးသွားရင်တော့ အနံ့တွေထွက်၊ နံစော်ပြီးတော့ ရောင်ကိုင်းတာတွေ ဖြစ်လာမယ်။ တဖြည်းဖြည်းနဲ့ ပထမတော့ အသေးလေး။ အဲ့ဒါကို ကိုယ်က သေချာအောင် ဆိုလို့ရှိရင် ခွဲထုတ်ရမယ်။ အလုံးရှိတယ်ဆိုရင် အလုံးကို ထုတ်ပြီးတော့ အသားစအဖြေကို ကြည့်လိုက်။ အသားစမှာ ကင်ဆာဆိုတဲ့ အဖြေထွက်ပြီဆိုရင် ရင်သားတစ်ခုလုံးကို ဖြတ်ထုတ်ပစ်ရမယ်။ အဲ့ဒီ အထိကို ဆိုးရွားသွားနိုင်ပါတယ်။

### ရင်သားကင်ဆာကို ဘယ်လိုကုသရမလဲ။

ရင်သားကင်ဆာတစ်ခုပဲ မဟုတ်ဘူး ကင်ဆာကုသနည်းဆိုရင်တော့ သုံးမျိုးရှိတယ်။ ခွဲစိတ်တာ လုပ်တာ၊ ဆေးသွင်းတာ၊ ဓာတ်ကင်တာ လုပ်ရမယ်။ ကင်ဆာဆိုရင် အဲ့ဒီသုံးမျိုးနဲ့ ကုရမှာပေါ့။ ခွဲပြီးတာနဲ့ မပြီးသေးဘူး။ တချို့က ငါ အလုံးလည်း ထုတ်ပြီးပြီ တစ်အုံလုံးလည်း ထုတ်ပြီးပြီ ဘာလိုသေးလဲဆိုတော့။ လိုတယ်. . . သူက။ ကင်ဆာဆဲလ်တွေက သွေးကြောတွေထဲမှာ ပျံ့နေပြီ။ အမြစ်ပြတ်ဖို့ဆိုရင်တော့ ခွဲစိတ်တာရော၊ ဆေးသွင်းတာရော၊ ဓာတ်ကင်တာရော လုပ်ရမယ်။ တစ်ခုတည်းပဲ လုပ်ရင် ပြန်ဖြစ်လာမှာ။ ပြန်ဖြစ်လာပြီဆိုရင် ပျောက်ဖို့တော့ မလွယ်တော့ဘူး။ မဖြစ်ခင် တစ်ခါတည်း အပြီးလုပ်ရမယ်။ လူထုတွေက အခု ဘယ်လိုမြင်လဲ ဆိုတော့ ဘာမှမဖြစ်ဘူးဆိုရင် သူတို့က ဆေးလည်းမသွင်းချင်ဘူး။ အခုက ဘာမှ မဖြစ်တာဆိုပြီး ခံစားဖူးတော့ မလုပ်ချင်ဘူး။ ဆေးသွင်းတာက နည်းနည်း ခံရခက်တယ်လေ။ ဓာတ်ကင်တာရောပဲ။ ကိုယ်က သေချာပြီဆိုရင်လုပ်သင့်လုပ်ထိုက်တာကို တစ်ခါတည်း လုပ်ထား။ ရောဂါမဆိုးရွားခင်မှာပေါ့။ ရောဂါမဆိုးရွားခင် ဆိုပြီးလည်း ပေါ့နေလို့ မဖြစ်ဘူးပေါ့။ ကိုယ်က ပေါ့လိုက်တဲ့အခါ နောက်တစ်ခါ အသေးလေးပြန်ဖြစ်။ သေးသေးလေးတွေ ပွားလာတာပေါ့။ နောက်ပိုင်းဆိုရင် အဲ့ဒါတွေက ပျောက်ဖို့ မလွယ်တော့ဘူး။ ဘယ်ကင်ဆာမဆို ကြိုတင်သိရင်တော့ ပျောက်ကင်းအောင် ကုလို့ရတယ်။ ဒါပေမဲ့ ဒီမှာကကျတော့ နောက်ကျမှ သိတာများတယ်။ သိရင်လည်း သူတို့က ဒီလို စနစ်တကျ မကုချင်ဘူး။ လာရင် ခွဲစိတ်ကုသမှုလောက်ပဲ လာမယ်။ နောက်ပိုင်းဆက်မလုပ်တော့ဘူး။ သိပြီဆိုရင်လည်း ဘယ်သွားလဲဆိုရင် ကချင်ဆေး၊ တိုင်းရင်းဆေး။ ကချင်ဆေးတွေ တအားများတယ်။ နောက်ဆုံးကျမှ ပုပ်စော်နံမှ ဒီရောက်လာတယ်။ တချို့ဆိုရင် ခွဲစိတ်ပြီး ချုပ်ရိုးဖြေရင် တစ်ပတ်၊ ဆယ်ရက်လောက် ဆေးသွင်းတာတွေ လုပ်ရတယ်လေ။ မလုပ်ဘူး သူတို့က တစ်နှစ်လောက်နေမှ ပြန်ရောက်လာတယ်။ အဲ့ဒီလိုမျိုးတွေ များနေတာပေါ့။ ကောင်းသွားပြီထင်မှာပေါ့။ မရဘူး။ ရိုးရိုးအကျိတ်ဆိုရင်တော့ ပြီးသွားပြီ။ ပြန်မဖြစ်တော့ဘူး။ ကင်ဆာလို့ ထွက်လာရင်တော့ မရဘူး။ အဲ့ဒါတွေ သိရမယ်။ ပြီးတော့ မြစ်ကြီးနားမှာက ခွဲစိတ်တာတော့ ခွဲစိတ်ဌာနတော့ ရှိတယ်။ ဓာတ်ကင်ဖို့ မရှိဘူး။ မန္တလေး၊ ရန်ကုန် သွားရတယ်။ ကချင်ပြည်နယ် တစ်ပြည်လုံးမှာ ကင်ဆာဌာန ဒါပဲရှိတယ်။ ပြည်နယ်ကင်ဆာအထူးကု ဆရာဝန်နဲ့ ဆရာပဲပေါ့။ ဓာတ်ကင်စက် တစ်ခုကတော့ လိုတယ်။ မြစ်ကြီးနားမှာ ဓာတ်ကင်တဲ့စက်ရှိရင်တော့ ဘယ်မှ သွားစရာ မလိုတော့ဘူး။ အခုကျတော့ ဆေးသွင်းဖို့တော့ ရတယ်။ ဒါပေမဲ့ ဓာတ်ကင်ဖို့ကျတော့ ဟိုကိုသွားဆိုတော့ မသွားနိုင်ကြဘူး။ သွားနိုင်ရင်တော့ ပိုကောင်းတာပေါ့။ မသွားချင်တဲ့ သူတွေလည်း ရှိတယ်။

### ကုသနည်း သုံးခုထဲမှာ တစ်ခုခုကို ကုဖို့ ပျက်ကွက်သွားရင်ရော ဘယ်လို အကျိုးဆက်တွေ ဖြစ်ပေါ်လာနိုင်လဲ။

ကင်ဆာကုနည်း သုံးခုထဲက တစ်ခုခုကို မကုလို့ရှိရင် ရောဂါပေါ် မှုတည်ပြီး ပြန်ပေါ်လာမယ်။ သူ့ရဲ့ ကိုယ်ခံအားပေါ် မူတည်ပါတယ်။ နောက်မှ ပြန်ပေါ်လာရင်တော့ ကုသဖို့မလွယ်တော့ဘူး။ ကင်ဆာဆိုတာက သွေးကြောနဲ့ လိုက်ပြီးတော့ပျံ့တယ်။ သူရှိတဲ့နေရာမှာလည်းပျံ့တယ်။ သွေးကြောနဲ့ လိုက်ပြီးတော့ တစ်ကိုယ်လုံးကို ပျံ့တယ်။ တစ်ကိုယ်လုံးမှာ ရှိတယ် အိုဂန်တွေကို လိုက်ဖျက်ဆီးတာပေါ့။ ရိုးရိုးအကျိတ်ဆိုရင်တော့ ရှိတဲ့ နေရာမှာ ကြီးလာတာပဲ ရှိတယ်။ ကင်ဆာဆို တစ်ကိုယ်လုံးပျံ့တယ်။ အဆိုးဆုံး အခြေအနေကတော့ အသက်ဆုံးရှုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။

### ကုသချိန်ရော ဘယ်လောက်ကြာနိုင်လဲ။

အစောမှာ ကုရင် သူက ပျောက်တယ်လေ။ ဆေးသွင်းရမယ်။ ခွဲပြီးလို့ရှိရင် တစ်ပတ်ဆို ချုပ်ရိုးဖြေပြီးလို့ရှိရင် ဆေးသွင်းလို့ ရမယ်။ ဆေးသွင်းတဲ့ အချိန်မှာ သူက ဓာတ်ကင်ဖို့ အတွက် စာရင်း သွားသွင်းရမယ်။ ဒီမှာက အဲ့လို လုပ်ရတယ်လေ။ ဓာတ်ကင်ဖို့ အခုချက်ချင်း အခုသွား၊ အခု မပြင်ပေးဘူး။ ဟိုမှာလည်း စက်တစ်လုံး၊ နှစ်လုံးပဲရှိတော့။ တစ်နိုင်ငံလုံးက စောင့်နေရတယ်။ ကိုယ့်အလှည့်ရောက်ဖို့ ရင်သားကင်ဆာဆိုရင် ၇ လ၊ ၈ လ လောက် စောင့်ရတယ်။ အဲ့ဒီကြားထဲမှာ

စာ .. ၁၈ သို့ »

စာ .. ၁၇ မှ »

ကိုယ်က ဆေးသွင်းနေရမှာ။ ဆေးသွင်းရင်တော့ ပုံမှန်အားဖြင့် သုံးပတ်ခြား တစ်ခါ လေးကြိမ်၊ ခြောက်ကြိမ် အဲ့လို သွင်းပြီးလို့ ရှိရင် ဓာတ်ကင်တာ ပေါ့။ အဲ့ဒါကတော့ ပျောက်ဖို့အတွက်ပေါ့။ တချို့တွေဆိုရင် ဆေး လေးကြိမ်လောက်သွင်းပြီးလို့ရှိရင် တစ်ပတ်တစ်ခါ ဆက်မစစ်ဘူး။ ပြန်စစ်ပြီးတော့ Positive ဆိုရင် ဘယ်လို၊ Negative ဆို ဘယ်လို သူကရှိသေးတယ်။ သုံးပတ်တစ်ခါ ခြောက်ကြိမ်လုပ်ရမယ်။ တစ်လလောက်ကြာတယ်။ ဓာတ်ကင်ရင်လည်း အကြာကြီးမကင်ဘူး။ တစ်ယောက်ကို နှစ်မိနစ်၊ သုံးမိနစ်ပဲ ရှိတယ်။ ဆိုးတဲ့အဆင့်ဆိုလို့ရှိရင်တော့ ဟိုကို သွားကင်ရင်လည်း သက်သောင့်သက်သာ ဖြစ်ဖို့ပဲ သွားကင်တာပေါ့။ ကင်ချင်စိတ်ရှိရင်တော့ ကင်ပေးတာပေါ့။ ဆေးသွင်းတယ် ဆိုရင်လည်း သူခံနိုင်ရည်ပေါ် မူတည်ပြီးတော့ သွင်းပေးရုံပဲပေါ့။ ပျောက်မှာမှ မဟုတ်တော့တာ။ သူသက်သာဖို့ပဲ အရေးကြီးတာပေါ့လေ။ သူခံနိုင်ရင်တော့ ဆေးသွင်းပေးမှာ မခံနိုင်ရင်တော့ မသွင်းပေးတော့ဘူးပေါ့။

**ကင်ဆာ အကျိတ်လုံးတွေက ဘယ်လိုတွေကြောင့် ဖြစ်ပေါ်လာရတာလဲ။**

ခုနက ပြောသလို ဒီအန်အေ ပြောင်းလဲမှုကနေ ဖြစ်လာတယ်။ ရိုးရိုးအကျိတ်ဆိုရင်တော့ ရှိတဲ့ နေရာမှာပဲ ကြီးလာတာ။ ကင်ဆာအကျိတ် ဆိုရင်တော့ ကင်ဆာဆဲလ်တွေ ရှိတာပေါ့။ ကင်ဆာဆဲလ် အကျိတ် 1Cm မှာ ကင်ဆာဆဲလ်က 1 Billion လောက်ရှိတယ် ကင်ဆာဆဲလ်က။

**မဖြစ်ခင် ဘယ်လိုအချက်တွေကို ကြိုတင် ကာကွယ်သင့်လဲ။**

ခုနက ဆရာပြောသလို နေထိုင်မှုပုံစံတွေ လုပ်ရမယ်။ စားတာသောက်တာတွေ။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဟာတွေပေါ့။ ကင်ဆာအတွက်လုပ်လိုက်ရင်က အခြားဟာတွေပါ ဆီးချို၊ သွေးချို၊ နှလုံးအတွက်ပါ ကာကွယ်ပြီးသား ဖြစ်သွားမယ်။ လှုပ်ရှားရမယ်။ လမ်းလျှောက်ရမယ်။ အားကစားလုပ်ရမယ်။ ပြီးလို့ရှိရင် လိင်ကိစ္စတွေကို ဂရုစိုက်ရမယ်။ အစားသောက်ဆိုရင် ရှင်းရှင်းလေးတွေပေါ့။ အသီးအရွက်တွေ၊ အသီးအနှံတွေ များများစားရမယ်။ အသားတို့ရောပေါ့။ ဒါပေမဲ့ သိပ်အများကြီး မစားရဘူး။ အဆီ၊ အဆိမ့်တွေ များများ မစားရဘူး။ အသင့်ပြင်ထားတဲ့ အစားအစာတွေ။ အကင်တွေပေါ့။ အဲ့ဒါမျိုးတွေပေါ့။ အဓိက ကတော့ Life Style ပေါ့လေ။ တားဆေးတွေ မထိုးရဘူး။ ကလေးရှိလို့ရှိရင် နို့တိုက်ရမယ် ဒါတွေပေါ့။ ကင်ဆာဖြစ်စေတဲ့ အကြောင်းအရာတွေကို ကာကွယ်လိုက်ပေါ့လေ။ ကြိုတင်သိဖို့ Screening လုပ်ရမှာပေါ့။ သက်ကြီးပိုင်းဆိုရင် အသက် ၄၀ လောက်မှာ လုပ်သင့်တယ်။ အသက် ၂၀ လောက်မှာဆိုရင် ရင်သား စမ်းရမယ်။ ကိုယ့်ရင်သားကို စမ်းရမယ် အမျိုးသမီးတွေ။ Screening လုပ်ရမယ်။ အဲ့ဒီလိုဆို စောစောသိတာပေါ့။ ဖြစ်ရင်လည်း စောစောသိတော့ ပျောက်ကင်းစေနိုင်တယ်ဆိုတော့လေ။ ကိုယ်က သံသယရှိလို့ရှိရင် လာပြ။ ကချင်ဆေးတွေနဲ့ ပညာတတ်တွေတောင်မှ ကချင်ဆေးနဲ့ လုပ်ပြီးသေတဲ့ သူတွေ ရှိတယ်။

**ဆရာ့အနေနဲ့ ပြည်သူလူထုကို နောက်ထပ် ဘာများဖြည့်စွက်ပြောချင်သေးလဲ။**

အဓိက ကတော့ နေထိုင်မှုပုံစံက အရေးကြီးတယ်။ စောစောသိရင် ရောဂါ ပျောက်ကင်းနိုင်ပါတယ်။ တစ်ခုခုဖြစ်ရင်၊ သံသယရှိရင် ဆေးရုံအရင်လာပြကြပါလို့ ပြောချင်ပါတယ်။ ■

Ann/ Benadeth

# မြေမြှုပ်မိုင်း အန္တရာယ်ကြောင့်

## နေရပ်ပြန်စစ်ဘေးရှောင်များလုပ်ကိုင်စားသောက်ရန် အခက်အခဲဖြစ်နေ

ဧပြီ ၂

**နေ**ရပ်သို့ ပြန်လည်အခြေချနေပြီဖြစ်သော ဝိုင်းမော်မြို့နယ်၊ နန်ဆန်ယန်ကျေးရွာမှ စစ်ဘေးရှောင်သူများသည် မရှင်းလင်းရသေးသည့် မြေမြှုပ်မိုင်းများကြောင့် လုပ်ကိုင်ရှာဖွေစားသောက်ရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။




ယခင်က တောင်ယာလုပ်ကိုင်ခြင်း၊ သီးနှံစိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသော ရွာသူ၊ ရွာသားများသည် ယခုအခါ တစ်သျှူး ငှက်ပျောခြံများတွင် နေ့စားအဖြစ် ဝင်ရောက် လုပ်ကိုင်နေကြရကြောင်း နန်ဆန်ယန်ကျေးရွာမှ ဒေါ်ဆွမ်လွတ်ပရီထန့်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"အကုန်လုံး နီးပါးကတော့ အရင်လို တောင်ယာလုပ်ငန်းနဲ့ တစ်နိုင်တစ်ပိုင် လုပ်ကိုင် စားသောက်ချင်ကြပေမယ့် မိုင်းတွေမရှင်းလင်းရသေးတော့ ဟိုလည်း သွားလို့မရ၊ ဒီလည်း သွားလို့မရ ဖြစ်နေတယ်။ အားရှိတဲ့ သူတွေကတော့ ငှက်ပျောခြံတွေမှာ နေ့စားသွားလုပ်တယ်"ဟု ဒေါ်ဆွမ်လွတ်ပရီထန့်မှ ပြောသည်။

အဆိုပါ နေရပ်ပြန် ပြည်သူများ နေထိုင်ရန်အတွက် လဝကမှ အိမ်ထောင်စုစာရင်းများကို စစ်ဆေးကြည့်ရှုပြီး မိမိနေရာအမှန်၊ လူအမှန်ဆိုပါက နေအိမ်ခြံဝင်းကို တပ်မတော်က မိုင်းရှင်းလင်းရေး လာရောက်ဆောင်ရွက်ပေးခဲ့သော်လည်း ရွာပတ်လည်တွင်တော့ မိုင်းရှင်းလင်းရေး စစ်ဆေးပေးနိုင်ခြင်းမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နေရပ်ပြန် ပြည်သူများသည် ပြန်လည်ထူထောင်ရေးကာလအတွင်း ၎င်းတို့ မိရိုးဖလာ လုပ်ကိုင်ခဲ့သည့် တောင်ယာ၊ လယ်ယာစိုက်ခင်းများကို လုပ်ကိုင်ချင်ကြသော်လည်း မိမိနေရပ်တွင် မရှင်းလင်းရသေးသော မြေမြှုပ်မိုင်းများကြောင့် လုပ်ကိုင်စားသောက်ရန် အခက်အခဲဖြစ်နေသည်ဟုလည်းဦးမာလက ပြောသည်။

"ဦးလေးတို့က အခုချိန်မှာတော့ ဒီလိုပဲစားသောက်နေရတယ်။ ဟိုဘက်အဖွဲ့အစည်းက ထောက်ပံ့တာတွေ စားလိုက်၊ ဒီဘက်အဖွဲ့အစည်းက ထောက်ပံ့တာတွေ စားလိုက်နဲ့ပဲ နေနေရတယ်။ အရင်ကလို တောင်ယာလုပ်မယ်ဆိုလည်း ရွာပတ်ဝန်းကျင်မှာက မိုင်းတွေလည်း ရှိလားမရှိလား မသိဘူး။ ကောင်းကောင်း မရှင်းလင်းသေးတဲ့အခါမှာ အရင်ကလို တောင်ယာတွေလည်းမလုပ်စားနိုင်သေးဘူး"ဟု ဦးမာလက ပြောသည်။

နေရပ်သို့ ပြန်လည်နေထိုင်ကြသော စစ်ရှောင်ပြည်သူများမှာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာမှ စိန့်ဂျိုးဇက်ကက်သလစ် စစ်ရှောင်စခန်း၊ မြစ်ကြီးနားမြို့လယ်ကုန်းရပ်ကွက်မှ ဇီးအုန်စစ်ရှောင်စခန်း ဂျန်မိုင်ကောင်းရပ်ကွက်မှ ကက်သလစ်စစ်ရှောင်စခန်း၊ တပ်ကုန်းရပ်ကွက်မှ အင်ဂျန်ဒုံစစ်ရှောင်စခန်း၊ ပလနကျေးရွာအုပ်စုမှ ငွေပျော်စံပြကျေးရွာတို့တွင် နေထိုင်ခဲ့သော စစ်ရှောင်ပြည်သူများ ဖြစ်ကြောင်း သိရသည်။

စစ်ရှောင်စခန်းများ၌နေထိုင်ကြသူများကို ယမန်နှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့က တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ ဇန်နဝါရီလ ၃၀ ရက်နေ့မှ စတင်ပို့ဆောင်ကြောင်း လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းက ပြောကြားသည်။

မြစ်ကြီးနား - ဗန်းမော်လမ်းမပေါ်ရှိ ယခင်က အိမ်ခြေ ၂၀၀ ကျော်ခန့်ရှိသည့် နန်ဆန်ယန် ကျေးရွာတွင် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်က မြန်မာ့တပ်မတော်နှင့်ကချင်လွတ်လပ်ရေးအဖွဲ့ KIO တို့၏ တစ်ကျော့ပြန် တိုက်ပွဲကြောင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြသည်။

စစ်ရှောင် ပြည်သူများကို နန်ဆန်ယန်ကျေးရွာသို့ တပ်မတော်မှ ဦးဆောင်ကာ နှစ်ကြိမ်ပို့ဆောင်ခဲ့ပြီး ယခုလက်ရှိအချိန်တွင် အိမ်ထောင်စုပေါင်း ၄၆ စုမှာ နန်ဆန်ယန် ကျေးရွာတွင် ပြန်လည်အခြေချနေပြီ ဖြစ်သည်။

ဧပြီလ ဒုတိယပတ်ခန့်ကလည်း စစ်ရှောင်ပြန်သူ အိမ်ထောင်စု ၅၂ စုခန့် နေရပ်ပြန်နိုင်ရေးအတွက် ဆက်လက် ကြိုးပမ်းနေကြောင်း နန်ဆန်ယန်ဒေသခံများ နေရပ်ပြန်နိုင်ရေးအတွက် ဦးစီးဆောင်ရွက်နေသူ ဦးဖော်လားကမ်ဖန်မှ ပြောသည်။ ■

လင်းသူမောင်၊
DASH



# Miss Universe Myitkyina

# ပြိုင်ပွဲ လျှောက်လွှာခေါ်ယူ




မြစ်ကြီးနား၊ ဧပြီ ၃

**မယ်**စကြာဝဠာ မြန်မာ (Miss Universe Myanmar 2019) ပြိုင်ပွဲကြီးအတွက် မြစ်ကြီးနားမြို့ ကိုယ်စားပြု အလှမယ်ရွေးချယ်မည့် ပြိုင်ပွဲကြီးကို လာမည့် ဇွန်လတွင် မြစ်ကြီးနားမြို့၌ ကျင်းပတော့မည်ဖြစ်၍ စိတ်ဝင်စားသော အလှမယ်လေးများအနေဖြင့် ဧပြီလ(၁၀)ရက်နေ့မှစတင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Miss Universe Myitkyina 2019 ပြိုင်ပွဲကြီးကို Maran Entertainment မှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲကြီးတွင် မြစ်ကြီးနားမြို့ကိုယ်စားပြု အလှမယ်တစ်ဦးကို ရွေးချယ်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ဎင်းပြိုင်ပွဲ အတွက် လျှောက်ထားလိုသော အလှမယ်များသည် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်မပြုဖူးသူ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ၊ အရပ်အမြင့် အနိမ့်ဆုံး ၅ ပေ ၅ လက်မ ရှိရမည်။ အကျင့်စာရိတ္တ ကောင်းမွန်ပြီး အများက လေးစားအတုယူထိုက်သူ၊ နိုင်ငံအတွက် ဂုဏ်ဆောင်ချင်သော အလှမယ် ဖြစ်ချင်သူ မည်သူမဆို လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်းနှင့် လာရောက်လျှောက်ထားသူ အများဆုံး (၂၅)ဦးကိုသာ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲအတွက် ညနေခင်းဝတ်စုံ (Evening Gown)၊ ရေကူးဝတ်စုံ (Swim Suit)၊ တူညီဝတ်စုံ အစရှိသော အဆင့်ဆင့် ယှဉ်ပြိုင်မှုများအတွက် Maran Entertainment မှ တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်သောကြောင့် အလှမယ်လေးများသည် မိမိကိုယ်ပိုင်ဖိနပ်ကိုသာ ယူဆောင်လာရမည် ဖြစ်သည်။

မြစ်ကြီးနား ကိုယ်စားပြု အလှမယ်တစ်ဦး ရွေးချယ်ရာတွင်နိုင်ငံ့ဂုဏ်ဆောင်ချင်သောသူ၊ ရည်ရွယ်ချက်ကြီးမား၍ စိတ်ဓာတ်ခိုင်မာသူ၊ မိမိကိုယ်ကိုယ် တန်ဖိုးထားတတ်ပြီး တစ်ပါးသူအပေါ်လည်း တန်ဖိုးထားတတ်ပြီး အကျင့်စာရိတ္တ ကောင်းမွန်သူ အစရှိသော အရည်အချင်းနှင့်ပြည့်စုံသူကို အဓိကထား ရွေးချယ်သွားမည်ဖြစ်ကြောင်း Maran Entertainment မှ အမှုဆောင်အရာရှိချုပ် မရန်ဆိုင်းနော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“အဓိကကတော့ ရည်ရွယ်ချက်ကြီးမားတဲ့သူ၊ စိတ်ဓာတ်ခိုင်မာပြီးတော့၊ တည်ငြိမ်ပြီးတော့ နိုင်ငံအတွက် ကိုယ်စားပြုချင်တဲ့သူ ဖြစ်ရမယ်။ အဓိကက ပိုက်ဆံရှိသည်၊ မရှိသည်ထက် သူရဲ့ အတွေးအခေါ်နဲ့ စိတ်ဓာတ်ပိုင်းလည်း သနားကြင်နာတတ်တဲ့သူ ဖြစ်ရမယ်။ အဲ့ဒါတွေကို ကျွန်တော်တို့က အဓိကထားတာပေါ့” ဟု မရန်ဆိုင်းနော်က ပြောသည်။

မြစ်ကြီးနားမြို့ ကိုယ်စားပြု ရွေးချယ်ခံရသော အလှမယ်သည် မနောဇကေရီ ကျောက်စိမ်းသရဖူနှင့် အတူ တစ်နှစ်တာ လစာခံစားခွင့်၊ Miss Universe Myanmar 2020 ကို မြစ်ကြီးနားကိုယ်စားပြုယှဉ်ပြိုင်ခွင့်၊ တစ်နှစ်တာ အခမဲ့ သွားအလှ၊ မျက်နှာအလှပြုပြင်ထိန်းသိမ်းခွင့် အစရှိသော အထူးခံစားခွင့်များကို ရရှိသွားမည်ဖြစ်ပြီး သူမအနေဖြင့် ရန်ကုန်မြို့သို့ ဆက်လက် ယှဉ်ပြိုင်ရာတွင် ရွေးချယ်ခံရပါက နိုင်ငံကိုယ်စားပြုဖြစ်ခွင့်ကိုပါထပ်မံရရှိသွားမည် ဖြစ်ကြောင်းလည်း သိသည်။

မယ်စကြာဝဠာ မြစ်ကြီးနား ပြိုင်ပွဲကြီးတွင် ကိုယ်စားပြုအလှမယ်တစ်ဦး ရွေးချယ်သွားမည့်အပြင် အခြားဆုများအဖြစ် Miss Popular, Miss Congeniality, Miss Photogenic, Best Speaker, Best Talent ဆုများကိုပါ ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

Miss Universe Myitkyina 2019 ပြိုင်ပွဲကြီးကို လာရောက် လျှောက်ထားရန် စိတ်ဝင်စားသော အလှမယ်များသည် လျှောက်လွှာများကို မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်ရှိ Beauty Bar, Man Made House of Fashion အစရှိသော နေရာများတွင် ဧပြီလ (၁၀)ရက်မှ စတင်ကာ ဇွန်လ(၅)ရက်နေ့ နောက်ဆုံးထား ထုတ်ယူ၍ လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ ■

Benadeth

# နောက်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်သွားမယ်ဆိုတဲ့

# အောင်လအင်ဆန်




ဧပြီ ၄

**အောင်**လအင်န်ဆန်၏ လိုက်ဟဲဗီးဝိတ်တန်းခါးပတ်ကာကွယ်ပွဲကို အောက်တိုဘာလ ၁၂ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မတ်လ ၃၁ ရက်နေ့က အိမ်ရှင် ဂျပန်နိုင်ငံသား ကန်ဟက်ဆီဂါဝါကို ဒုတိယအချီတွင် အလဲထိုးကာ ဒိုင်ပွဲရပ်အနိုင်ယူခဲ့သည့် ပွဲအပြီးအတွင် အောင်လအန်ဆန်ကို စင်ပေါ်သို့ သွားရောက်ကာ ဂုဏ်ပြုရင်း ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဖိလစ်ပိုင်ဖွား အမေရိကန်နိုင်ငံသား ဘရန်ဒန်ဗီရာက ဂျပန်မြေတွင် ထိုးသတ်ရန် စိတ်ခေါ်ခဲ့မှုကို လက်ခံသဘောတူခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဖိလစ်ပိုင်ဖွား အမေရိကန်နိုင်ငံသား ဘရန်ဒန်ဗီရာက “ဒီနေ့နိုင်ပွဲအတွက် ဂုဏ်ယူပါတယ် ကျွန်တော် တစ်ခုမေးချင်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်လုံး ကျန်းကျန်းမာမာဖြစ်ပြီ၊ အရာအားလုံး ကောင်းနေတယ်ဆိုရင် ကျွန်တော်နဲ့ ခင်ဗျား ဒီနေရာ ဂျပန်မှာ၊ အောက်တိုဘာလမှာ လိုက်ဟဲဗီးဝိတ် ခါးပတ်အတွက် ထိုးကြမလား”ဟု ပြောဆိုခဲ့ရာ အောင်လအင်န်ဆန်က “ကျွန်တော် ဘရန်ဒန်ဗီရာကို အမြဲအားပေးနေတဲ့ သူတစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ သူနဲ့ထိုးဖို့ အရမ်းကို ဂုဏ်ယူမိပါတယ်။ Mr . Chatri သင်ရော ဘယ်လိုထင်သလဲ”ဟု ၎င်း၏ မန်နေဂျာကို မေးမြန်းရာ ‘ထိုးကြတာပေါ့’ဟု အတည်ပြုကာ ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပွဲစဉ်အတွက် အောင်လအင်န်ဆန် အနေဖြင့် အကောင်းဆုံးပြင်ဆင်သွားမည်ဖြစ်ပြီး ဗီရာဘက်မှ ယခုကဲ့သို့ စိန်ခေါ်သည့်အတွက် အလွန်ပင် ပျော်ရွှင်မိကြောင်းလည်း အောင်လက သတင်းမီဒီယာများသို့ ပြောကြားထားသည်။

“ပျော်ရွှင်စရာကြီးပဲ၊ ဒါကြီးက အရမ်းပျော်တယ်။ ဒီလို စိန်ခေါ်တဲ့အတွက် ကျွန်တော် ကောင်းကောင်းမွန်မွန်ပြင်ဆင်မယ်။ သူ့ကို နိုင်ဖို့အတွက် ကျွန်တော်ကြိုးစားမယ်။ ပွဲက အောက်တိုဘာလမှဆိုတော့ ကောင်းကောင်း ပြင်ဆင်လို့ ရတယ်။ သူက စိန်ခေါ်မယ်ဆိုတာ ကျွန်တော်သိတယ်။ ဘာလို့လဲဆိုရင် မနှစ်တုန်းကလည်း သူစိန်ခေါ်ထားတယ်၊ ဒါပေမဲ့ စောင့်တာက သူ့ကိုစောင့်တာ ကျွန်တော့်ကို စောင့်တာမဟုတ်ဘူး။ သူ့ကိုစောင့်နေတာ။ သူက ကျွန်တော့်ထက်ပိုကြီးတယ်။ လူကောင်လည်း ပိုထွားတယ်။ ကျွန်တော် ကောင်းကောင်းမွန်မွန် ပြင်ဆင်ရမယ်။ သူက ပါဝါ အများကြီးရှိတယ်။ သူ့ရဲ့ပါဝါကို ကြောက်ရမယ်။ ကောင်းကောင်းမွန်မွန် ပြင်ဆင်ရမယ်” ဟု အောင်လအင်န်ဆန်က သတင်းမီဒီယာများထံ ပြောကြားထားသည်။

ဘရန်ဒန်ဗီရာသည် ဟဲဗီးဝိတ်တန်း ချန်ပီယံဖြစ်သည့်အတွက် လိုက်ဟဲဗီးဝိတ်တန်းတွင် အောင်လအင်န်ဆန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် ဝိတ်တန်းလျှော့ပြီးမှသာလျှင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အသက် ၄၁ နှစ်အရွယ် ဖိလိပိုင်ဖွား အမေရိကန်နိုင်ငံသား ဗီရာသည် အရပ် ၆ ပေ ၃ လက်မရှိပြီး MMA ပွဲပေါင်း ၂၄ ပွဲတွင် ၁၆ ပွဲ အနိုင်ရရှိထားကာ ၇ ပွဲရှုံးနိမ့်ထားသူဖြစ်ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် ဟဲဗီးဝိတ်တန်း ချန်ပီယံဖြစ်ခဲ့သည်။

ဗီရာသည် ပြီးခဲ့သည့်အပတ်အတွင်းကပင် အီတလီနိုင်ငံသား ဆီရီလီကို ပထမအချီတွင် အလဲထိုးအနိုင်ယူကာ ဟဲဗီးဝိတ်ချန်ပီယံကို ကာကွယ်နိုင်ခဲ့သူ ဖြစ်သည်။

လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံဆုကို အောင်လအင်ဆန်က ဖေဖော်ဝါရီလအတွင်းက ဘရားဇီးနိုင်ငံသား မာချာဒိုကို အနိုင်ယူပြီး ယင်းချန်ပီယံဆုကိုကာကွယ်ထားခြင်းဖြစ်ပြီး လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲအတွက် ထိုးသတ်ထားခြင်း မရှိသေးပေ။ ■


Salai







# တေးသံရှင် ကျော်ကျော်နန္ဒ ကချင်ရိုးရာ ငွေမောင်းဝတ်စုံကိစ္စ တောင်းပန်



ဧပြီ ၄

**တေး**သံရှင် ကျော်ကျော်နန္ဒမှ ကချင်ရိုးရာငွေမောင်းတပ်ကာ သျှင်နေမင်းသကြ်န်အကြိုရှိုးပွဲတွင် ဝတ်ဆင်ခဲ့သည့် ပွဲတက်ဖက်ရှင်ဝတ်စုံနှင့်ပတ်သက်၍ ကချင်လူငယ်အဖွဲ့အစည်း ၄ ဖွဲ့မှ ဧပြီလ ၃ ရက်နေ့က သဘောထား ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံကချင်လူမျိုး ရိုးရာယဉ်ကျေးမှု အသင်း ဗဟိုလူငယ် ကော်မတီ၊ ကချင်စာပေနှင့် ယဉ်ကျေးမှုဖက်ဒရေးရှင်း(တက္ကသိုလ်များ)၊ Kachin National Yoht Network (KNYN) , All Kachin Youth Union (AKYU) စသည့် အဖွဲ့အစည်း ၄ ဖွဲ့တို့က ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ထုတ်ပြန်ချက်တွင် ယခုကဲ့သို့ ကချင်အမျိုးသမီးများ ဝတ်ဆင်သော ကချင်ရိုးရာငွေမောင်းဝတ်စုံကို အမျိုးသားတစ်ဦးအနေဖြင့် သရုပ်ပျက် ဖန်တီးဝတ်ဆင်ခြင်းသည် ကျော်ကျော်နန္ဒမှ စိတ်၏ အလိုလိုက်ကာ ပြည်ထောင်စုမြန်မာနိုင်ငံ ကချင်တိုင်းရင်းသားများ ရိုးရာကို မလေးစား မထီမဲ့မြင်ပြုလုပ်ရာ ရောက်ခဲ့ပါသည်။ နောင်အခါတွင် ကျော်ကျော်နန္ဒအနေဖြင့် ယခုကဲ့သို့ ကချင်ရိုးရာဝတ်စုံကို သရုပ်ပျက်ဖန်တီးဝတ်ဆင်ခြင်း မပြုလုပ်မိပါစေနှင့်။ အခြားမည်သည့် အနုပညာရှင်၊ အဖွဲ့အစည်းများမှလည်း ထပ်မံပြုလုပ်ခြင်းများ တွေ့ရှိလာပါက ကချင်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးထမ်း လုပ်ထုံးလုပ်နည်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကိစ္စရပ်များနှင့် ပတ်သက်၍ တေးသံရှင် ကျော်ကျော်နန္ဒက ၎င်း၏ တရားဝင်ဖေ့စ်ဘွတ်စာမျက်နှာတွင် တရားဝင်တောင်းပန်ကြောင်း ရေးသား တောင်းပန်ခဲ့သည်။

"ကချင်ပြည်နယ် တိုင်းရင်းသား ရိုးရာဝတ်စုံများအပြင် အခြားရိုးရာတိုင်းရင်းသားဝတ်စုံများကို ပကတိအတိုင်းသာ ဝတ်ဆင်ပြီး၊ ချစ်စရာကောင်းသော ဓလေ့များကိုသာ ဖော်ကျူး၍ ဝတ်ဆင်ကြရန် ကျနော်မှ စံနမူနာအဖြစ် တောင်းပန်အပ်သည်။ ယခုကဲ့သို့ ဝတ်ဆင်ခဲ့ခြင်းကြောင့် ဆင်တူနေသောလွဲမှားမှုအတွက်ထပ်မံတောင်းပန်ပါသည်" ဟု တေးသံရှင် ကျော်ကျော်နန္ဒက ၎င်း၏ ဖေ့ဘွတ်စာမျက်နှာတွင် တောင်းပန်စာ ပြန်လည်ရေးသားခဲ့သည်။

တေးသံရှင် ကျော်ကျော်နန္ဒသည် သီချင်းများ သီဆိုကာ အများနှင့်မတူသည့် ဖက်ရှင်ကြောင့် လတ်တလောတွင် ပရိသတ်ကြားရေပန်းစားနေသူတစ်ဦး ဖြစ်ပြီး "ဆက်ပက်သကြ်န်" သီချင်းကြောင့် လူသိများခဲ့သူလည်း ဖြစ်သည်။ ■

Salai

